# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်　　၂၀၁၅ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္လာနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၃၂]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပို့

**နေပြည်တော်　မေ　၂၄**

၂၀၁၅ ခုနှစ် မေ ၂၅ ရက်တွင်ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ မဒမ် ခရစ်စတီးနား ဖာနန်ဒက်(ဇ်) ဒယ် ကစ်ချ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတဦးသိန်းစိန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားပေါင်းစုံ ရှင်သာမဏေလောင်းလျာများအား ရှင်ပြုအလှူတော်မင်္ဂလာအောင်ပွဲအခမ်းအနား တက်ရောက်ကြည်ညို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှင်သာမဏေလောင်းလျာများအား ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများနှင့်အညီ ကေသစ္ဆေဒန ဆံချမင်္ဂလာပွဲသို့ တက်ရောက်ကြည်ညိုစဉ်။ (သတင်း၊ စာမျက်နှာ-၃) (ဓာတ်ပုံ-မြန်/ဆက်)

## ဧပြီလအတွင်း မြန်မာနိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရှိ

**ကျော်သဲအိမ်**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ပထမလအတွင်း မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုနှင့် အခြားသော ဝန်ဆောင်မှုစသော ကဏ္ဍလေးခုတွင် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ တန်ဖိုးမှာ ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံ ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကုမ္ပဏီ ၁၀ ခုမှ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံ၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကုမ္ပဏီကိုးခုမှ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၁၁၆ ဒသမ ၈၄ သန်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံငွေဒေါ်လာ ၅၀ ဒသမ ၇၅ သန်းနှင့် အခြားသောဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၁၃ ဒသမ ၁၉ သန်းရရှိခဲ့ကြောင်း သိရသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်မှ ယခု ဘဏ္ဍာရေးနှစ်အစ ဧပြီ ၃၀ ရက်အထိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၁၅ ခုက ပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် ဒေါ်လာ ၅၆ ဒသမ ၄၆၆ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ထို ပြည်ပရင်းနှီးမြှုပ်နှံငွေများအနက် *စာမျက်နှာ ၇ ကော်လံ ၅* ❐

## ယနေ့ မာတိကာ


မြန်မာ-ကိုရီးယား နှစ်နိုင်ငံရိုးရာအကများ ဖျော်ဖြေပွဲကျင်းပမည် စာမျက်နှာ » ၁၀

နတ်မောက်ကျောင်းကို စင်ကာပူ-မြန်မာ သက်မွေးပညာကျောင်းအဖြစ် ဖွင့်လှစ်ရန်စီစဉ်နေ စာမျက်နှာ » ၁၄





# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်စို့

"နိုင်ငံတော်၏ အနာဂတ်လှပဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်စို့"၊ "ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး၊ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး"ဟူသော ဆောင်ပုဒ်များဖြင့် ပညာရေးဝန်ကြီးဌာနက မေလ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ထုတ်ပြန်ကြေညာထားပါသည်။

ကျောင်းနေအရွယ်ကလေးတိုင်းကို မဖြစ်မနေကျောင်းအပ်နှံကြရန် တိုက်တွန်းချက်ပင်ဖြစ်ပါသည်။ သို့ရာတွင် အမိ အဖ မပြည့်စုံသောကလေးများ၊ ဆင်းရဲနွမ်းပါး၍ ဘဝအတွက်ရုန်းကန်ကြိုးစားနေရသော ကလေးများ ရှိနေဆဲဖြစ်ပါသည်။ အထူးသဖြင့် ကျေးလက်တောရွာများမှ ကလေးငယ်များသည် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အဖျော်ယမကာဆိုင်စသော ဆိုင်အသီးသီးတို့၌ ဘဝဝမ်းရေးအတွက် ရုန်းကန်နေကြရပါသည်။ ထိုကဲ့သို့သော ကလေးများအပါအဝင် ကျေးလက်နှင့် မြို့ပြ၏ လမ်းအသီးသီး၊ အိမ်အသီးသီးတို့ရှိ ကျောင်းနေအရွယ်ကလေးတိုင်းကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ တာဝန်ရှိသူများက ရှာဖွေဖော်ထုတ်ကာ လိုအပ်သောအခက်အခဲများကို ဝိုင်းဝန်းဖြည့်ဆည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မှသာ ထိုတိုက်တွန်းချက်များကို ထိရောက်စွာ ဖော်ဆောင်သွားနိုင်လိမ့်မည် ဖြစ်ပါသည်။

အနာဂတ်အတွက် သားကောင်းရတနာများ ပေါ်ထွန်းလာရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးသည် ပဓာနအကျဆုံးအချက် ဖြစ်ပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရန် နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးအစီအစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မေလ ၅ ရက်က ငွေဆောင်ရှိ ထူးချွန်လူငယ်မောင်မယ်များနှင့် တွေ့ဆုံစဉ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်စေရန် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး အခမဲ့မသင်မနေရ မူလတန်းပညာရေးအစီအစဉ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့ အလယ်တန်းပညာရေး အစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍ အခမဲ့အထက်တန်း ပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

၎င်းအခမဲ့ပညာရေးအစီအစဉ်အရ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်းကလေး ငါးသန်းခွဲကျော်အား ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်ခြောက်အုပ် အခမဲ့ပေးမည့်အပြင် ကျောင်းဝတ်စုံ တစ်စုံစီကိုလည်း အခမဲ့ပေးရန်စီစဉ်ထားကြောင်း သိရပါသည်။ ထို့အပြင် ကျောင်းနေရန် အခက်အခဲရှိနေသည့် ကျောင်းသား ကျောင်းသူများ ကျောင်းဆက်လက်တက်ရောက်နိုင်ရန်အတွက်လည်း ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေးကို အခြေခံပညာအထက်တန်း တစ်တန်း၌ ၁၀၀၂ ဦးနှုန်းဖြင့် အတန်း ၁၁ တန်းအတွက် ၁၁၀၂၂ ဦးအပြင် မူလတန်းအဆင့် ကျောင်းသားဦးရေကို ၅၀၀၀ တိုးမြှင့်ပြီး စုစုပေါင်း ၁၆၀၂၂ ဦးအတွက် ငွေကျပ်သန်းပေါင်း ၉၀၁ ဒသမ ၃ သန်းထောက်ပံ့ပေးခဲ့ကြောင်း သိရပါသည်။ သို့ပါ၍ ကျောင်းနေအရွယ်ကလေးတိုင်းအတွက် ကျောင်းအပ်နှံနိုင်ရေး အခမဲ့အစီအစဉ်များနှင့် ထောက်ပံ့ရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကျောင်းအပ်နှံရေးကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာ-ထိုင်း အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စည်းဝေး

**နေပြည်တော် မေ ၂၄**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဦးဆောင်သောအဖွဲ့နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး General Surasak Karnjanart ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မေ ၂၂ ရက် နံနက် ၁၀ နာရီက နေပြည်တော် Horizon Lake View Resort ဟိုတယ်၌ မြန်မာ-ထိုင်း အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးတို့က အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ အလုပ်သမား ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေသော မြန်မာရွှေ့ပြောင်း အလုပ်သမားနှင့် ပတ်သက်၍ အဓိကဆွေးနွေးခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးရန်ကိစ္စ၊ ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အလုပ်သမားများ ခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြန်လည်သုံးသပ်ခြင်းနှင့် အသစ်ရေးဆွဲခြင်း၊ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ် အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာရွှေ့ပြောင်း အလုပ်သမားများကို ထိုင်းနိုင်ငံဘက်မှ နေထိုင်ခွင့် ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်များ ထုတ်ပေးနိုင်ရေးနှင့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝ ရရှိနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) **(မြန်မာ့အလင်း)**



# (၆) မိုင် မကွေ့တောင်ချောင်းတံတားဖွင့်ပွဲကျင်းပ

**တနိုင်း မေ ၂၄**

ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ (၆) မိုင်မကွေ့တောင်ချောင်း တံတားဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက်က အဆိုပါတံတား၌ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးစန်းဝေနှင့် ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဒူဝါလဂျွန်ငန်ဆိုင်းက တံတား ကမ္ပည်းမော်ကွန်းကျောက်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ (၆) မိုင် မကွေ့တောင်ချောင်းတံတားသည် မြစ်ကြီးနား-နမ္မတီး-တနိုင်း ဆက်သွယ်ထားသော လီဒိုလမ်းမကြီးပေါ်၌တည်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ရန်ပုံငွေဖြင့် ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ တံတားအရှည်ပေ ၂၆၀ ဘေလီသံပေါင် အမျိုးအစားဖြစ်ပြီး စုစုပေါင်း တန်ဖိုး ငွေကျပ် ၇၀၂ ဒသမ ၀၀၁ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



စားသုံးသူများ ဘေးဥပဒ်မဖြစ်ပွားစေရေးအတွက် လယ်ဝေးမြို့ သီရိရတနာမြို့မဈေးတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်အရောင်းဆိုင်များ၌ စားသုံးရန်မသင့် ဓာတုအရောင်ဆိုးဆေး ပါဝင်မှုရှိ မရှိကို မေ ၂၀ ရက်က ဈေးတာဝန်ခံနှင့် ဈေးမိဈေးဖအဖွဲ့ဥက္ကဋ္ဌတို့က စစ်ဆေးပြီး ဓာတု အရောင်ဆိုးဆေးပါဝင်သော စားသောက်ကုန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။ ကိုကိုရှုပ(နေပြည်တော်)

# ရုပ်သေးသင်တန်းဖွင့်

**မန္တလေး မေ ၂၄**

မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်းကြီးက ကြီးမှူး၍ မြန်မာ့ရုပ်သေး၊ ကြိုးဆွဲပညာ၊ မြန်မာ့ရုပ်သေး (ကရုပ်) ပြုလုပ်ခြင်းနည်းပညာနှင့် လက်ထိုးရုပ်သေးပညာတို့ကိုလက်ဆင့်ကမ်းသင်ကြားပေးနိုင်ရန် အခမဲ့ ရုပ်သေးသင်တန်းကို မန္တလေးမြို့ မြမန္တလာဟိုတယ်တွင် မေ ၂၃ ရက်မှ ၂၇ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ "ရန်ကုန် ကြိုးဆွဲနည်းပညာနဲ့ ပန်းပုပညာ၊ မန္တလေး ကြိုးဆွဲနည်းနဲ့ ပန်းပုပညာမူမတူတဲ့အတွက် ပညာနှစ်မျိုးစလုံးရမှာဖြစ်ပါတယ်။ ၁၀ တန်းအောင်မြင်သူတွေ တက်ရောက်နိုင်ပါတယ်။ နောက်ထပ်လည်း နိုင်ငံတကာရုပ်သေးပွဲတော်ကြီး၊ စာတမ်းဖတ်ပွဲ၊ ဂျပန်နိုင်ငံနဲ့အတူ ရုပ်သေး ပညာဖလှယ်ပွဲကို ပြုလုပ်ဖို့လည်း စီစဉ်ထားပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်စုံ သဘင်အသင်းဥက္ကဋ္ဌက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၃၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၂.၀-၁၁၂၃ |
| ဥရောပ | တစ်ယူရို | ၁၂၀၂.၆-၁၂၁၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၀.၇၉-၈၁၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၆၆-၃၃.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၉၉၅-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၄.၆၁-၁၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၈၉-၃၀၁.၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

## လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်း ဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှင်ပြုအလှူတော်မင်္ဂလာအောင်ပွဲအခမ်းအနားတက်ရောက်ကြည်ညို

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်း(စံပြ)ကျေးရွာသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထီးလှိုင်ရှင်လာဘမုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။** (ပြန်/ဆက်)

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြောင်မြို့နယ် ဘူးကိုင်း(စံပြ)ကျေးရွာ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရှင်မပြုရသေးသော တိုင်းရင်းသားပေါင်းစုံ ရှင်သာမဏေလောင်းလျာ ၇၀၀၀ ကျော်တို့အား ရှင်ပြုခြင်းမဟာကုသိုလ်အလှူတော် မင်္ဂလာအောင်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်) ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီခွဲတွင် ရှင်သာမဏေလောင်းလျာ ၁၀၈ ပါးတို့အား အလှူတော်မင်္ဂလာမဏ္ဍပ်အတွင်း၌ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများနှင့်အညီ ကေသစ္ဆေဒန ဆံချမင်္ဂလာကျင်းပသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက ကေသစ္ဆေဒန မဟာမင်္ဂလာဆင်ယင်ပူဇော်ကြသည်။

ယင်းနောက် ရွှေတံဆိပ်များဆုရှင် မေသက်ထားဆွေက စောင်း(ပန်တျာ) ဦးစိုးဝင်းနှင့်တွဲဖက်၍ ထူးမခြားနားသီချင်းခံသုံးပိုဒ်ဖြင့် သီကျူးပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်) ဆရာတော်ကြီးက ရှင်သာမဏေလောင်းလျာများကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးတော်မူသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှင်သာမဏေဘောင်သို့ သွတ်သွင်းချီးမြှောက်ပြီးသည့် သာမဏေငယ်များအား သပိတ်နှင့် ပရိက္ခရာများ ဆက်ကပ်လှူဒါန်းစဉ်။**

(ပြန်/ဆက်)

ယင်းနောက် အလှူတော်မင်္ဂလာအောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (ဗန်းမော်) ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်အပါး ၁၀၈ ပါးနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းရန်အတွက် အလှူငွေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင် တေးသံရှင်အိအိချွန်က စောင်း(ပန်တျာ) ဦးစိုးဝင်းနှင့် တွဲဖက်ကာ ရတုတေးထပ်ဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် ကျန်စစ်မင်းကြီး၏မွေးရပ်မြေဖြစ်သော မြောင်မြို့နယ်

ယင်းနောက် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက နိုင်ငံတော်သမ္မတအား ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (ဗန်းမော်) ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော် သံဃာတော်များကို သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အလှူတော်မင်္ဂလာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုများအပေါ် ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (ဗန်းမော်) ဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတအမှူးပြုသည့် ဧည့်ပရိသတ်များက အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရှင်သာမဏေဘောင်သို့ သွတ်သွင်းချီးမြှောက်ပြီးသည့် သာမဏေငယ်များအား သပိတ်နှင့် ပရိက္ခရာများ တစ်ပါးချင်းထံသို့ လက်ဝယ်အရောက် ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရှင်သာမဏေများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပရိမ္မအရပ်ရှိ ပရိမ္မ(စံပြ)ကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထီးလှိုင်ရှင်စေတီတော် ထီးလှိုင်ရှင်မြတ်စွာဘုရား အာရုံခံတန်ဆောင်းအတွင်းရှိ ထီးလှိုင်ရှင်လာဘမုနိရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုရာ ဒေသခံပြည်သူများက စေတီတော်ပရိဝုဏ်အတွင်းမှစောင့်ဆိုင်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် စေတီတော်မြတ်ကြီးအတွက် နဝကမ္မအလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်မှ ချင်းတွင်းမြစ်၏ ရေစီးရေလာအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# နီပေါမြေငလျင်ကြောင့် မြစ်ရေစီးကြောင်းများပိတ်ဆို့ပြီး အိန္ဒိယထိ ရေလွှမ်းမှုများဖြစ်ပေါ်နိုင်



**ခတ္တမန္ဒူ မေ ၂၄**

နီပေါနိုင်ငံတွင် မကြာသေးမီက လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် မြေပြိုမှုများဖြစ်ပေါ်ပြီး မြစ်အတွင်း ပိတ်ဆို့မှုများ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ရေလွှမ်းမိုးမှုကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် စိတ်ချရသောနေရာများသို့ ရွှေ့ပြောင်းကြရန် တနင်္ဂနွေနေ့က နီပေါအာဏာပိုင်များက ထောင်ပေါင်းများစွာသော ရွာသားများကို တိုက်တွန်းခဲ့ကြောင်း သက်ဆိုင်ရာက ပြောခဲ့သည်။

စနေနေ့ညက ခတ္တမန္ဒူ အနောက်မြောက်ပိုင်းမှ ကီလိုမီတာ ၁၄၀ (မိုင်၉၀) ခန့်အကွာ မြဂ်ဒီခရိုင်ရှိ ရမ်ချေရွာတွင် မြေပြိုမှုကြောင့် ကာလီဂန်ဒါကီမြစ်အတွင်း ပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည်။

မြစ်အတွင်းပိတ်ဆို့ပြီး လျှံကျလာသော ရေထုထည်ပိုမိုများပြားလာလျှင် အိန္ဒိယနိုင်ငံအထိ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

အဆိုပါဒေသရှိ မြစ်ဘေးတစ်လျှောက် နေထိုင်ကြသော ကျေးရွာသားများကို လုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့ကြရန် တိုက်တွန်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ဂန်ဒါကီမြစ်သည် အိန္ဒိယနိုင်ငံအထိစီးဆင်းသော မြစ်တစ်စင်းဖြစ်သည်။ ငလျင်ကြောင့် တောင်ပြိုမြေပြိုမှုများ ဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များကို အဆိုပါဒေသသို့ ပို့လွှတ်ထားကြောင်း ရဲအရာရှိ ကာမေဆင်းဘန်းက ပြောသည်။

ရေမျက်နှာပြင် လျင်မြန်စွာမြင့်တက်လာကြောင်း၊ တာဝန်ရှိသူများအနေနှင့် အဆိုပါကိစ္စကို ဖယ်ရှားရန် ကြိုးစားရမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

မြေပြိုမှုကြောင့် အိမ် ၂၄ လုံးခန့် ပျက်စီးသွားကြောင်း မျက်မြင်သက်သေများက ပြောသော်လည်း တရားဝင် ထုတ်ပြန်ထားခြင်း မရှိသေးပေ။

(ရိုက်တာ)

## အိန္ဒိယတောင်ပိုင်း အပူလှိုင်းကျရောက် လူပေါင်း ၁၅၀ ကျော်သေဆုံး

**နယူးဒေလီ မေ ၂၄**

အိန္ဒိယနိုင်ငံ တောင်ပိုင်း အန်ဒရာပရာဒေ့ရှ်နှင့် တယ်လီဂါနာ ပြည်နယ်များ၌ လွန်ခဲ့သော သုံးရက်အတွင်း အပူလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၁၅၀ ကျော် သေဆုံးသွားကြောင်း ထိပ်တန်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

"လူပေါင်း ၈၀ က အန်ဒရာပရာဒေ့ရှ်ပြည်နယ်မှာ အပူလှိုင်းကျရောက်ပြီး သေဆုံးခဲ့ပါတယ်။ အခြား ၇၀ ကတော့ အိမ်နီးချင်းပြည်နယ် တယ်လီဂါနာမှာပါ။ ကြာသပတေးနေ့ကတည်းက အပူချိန်ကမြင့်တက်နေတာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

သေဆုံးသူအများစုသည် အိုးမဲ့အိမ်မဲ့များဖြစ်ကြကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။ ထိုအတောအတွင်း ပြည်နယ်အစိုးရနှစ်ခုစလုံးက ပြည်သူများအား အပူချိန်မြင့်တက်နေချိန် အပြင်သို့ စွန့်စား၍ ခရီးသွားလာခြင်းမပြုကြရန် သတိပေးခဲ့သည်။

အိန္ဒိယမိုးလေဝသဌာနက လာမည့်ရက်များအတွင်း အပူချိန်ဆက်လက် မြင့်တက်နိုင်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

(ဆင်ဟွာ)

## မလေးရှားဝန်ကြီးချုပ်နှင့် ရှင်ဇိုအာဘေး ကျည်ဆန်ရထားနည်းပညာရပ်ကို အလေးပေးဆွေးနွေးရန်ရှိ



**တိုကျို မေ ၂၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကွာလာလမ်ပူနှင့် စင်ကာပူအကြားတွင် မြန်နှုန်းမြင့်ရထားစနစ်ပြေးဆွဲမည့် စီမံကိန်းအတွက် ဂျပန်နိုင်ငံ၏ ရှင်ကန်ဆန်ကျည်ဆန်ရထား နည်းပညာအကြောင်းကို တနင်္လာနေ့၌ ဂျပန်နိုင်ငံတိုကျို၌ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇဖ်နှင့်အတူ အလေးထားဆွေးနွေးဖွယ်ရှိသည်။

တရုတ်နှင့်ပြင်သစ်အကြားတွင်လည်း အဆိုပါ ကျည်ဆန်ရထားစနစ်အတွက် ယှဉ်ပြိုင်လျက်ရှိသည်။

တရုတ်သည် မလေးရှားနှင့် ဖိလစ်ပိုင်ကဲ့သို့ အာဆီယံနိုင်ငံများနှင့် အပြိုင်အဆိုင် လူလုပ်ကျွန်းများ တည်ဆောက်လျက် တောင်တရုတ်ပင်လယ်ရေပိုင်နက် ပိုင်ဆိုင်ရေး ကြိုးပမ်းလျက်ရှိရာ အာဘေးအနေဖြင့် မလေးရှားကမ်းခြေစောင့်တပ်ဖွဲ့ကို အကူအညီများ ထပ်မံပေးအပ်သွားမည်ဟု ဂျပန်အာဏာပိုင်များက ပြောသည်။

ဂျပန်နိုင်ငံသို့ သုံးရက်တာ သွားရောက်ခဲ့စဉ်အတွင်း မလေးရှားဝန်ကြီးချုပ်သည် ဘုရင်မင်းမြတ်အာခီဟီတို၊ မိဖုရားမိချိကိုတို့နှင့် တွေ့ဆုံရန်ရှိပြီး တိုကျိုမှဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဆန်ဒိုင်သို့ သွားရောက်ရန်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

(ကျိုဒို)



## အမေရိကန်လေကြောင်းတိုက်ခိုက်မှု အိုင်အက်စ် ၆၁ ဦး ထက်မနည်း သေဆုံး

**ဘဂ္ဂဒက် မေ ၂၄**

အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့၌ စနေနေ့က အမေရိကန်ဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများကြောင့် အိုင်အက်စ်စစ်သွေးကြွ အနည်းဆုံး ၆၁ ဦး သေဆုံးသွားကြောင်း အိုင်အက်စ်လုံခြုံရေးသတင်းရပ်ကွက်မှ တာဝန်ရှိသူများက ပြောကြားသည်။

အီရတ်မြောက်ပိုင်း ဒေသတွင်း နိုင်ငံတကာ မဟာမိတ်အဖွဲ့က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၁ ဦး သေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာ ရရှိသွားခဲ့သည်ဟု ဆိုသည်။ အမေရိကန်ဦးဆောင်သော စစ်လေယာဉ်များသည် မိုဆူးလ်မြို့တောင်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာ စစ်သွေးကြွများသိမ်းပိုက်ထားသော ကွာရာမာမြို့အနီး အိုင်အက်စ်တို့၏ စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ အိုင်အက်စ်တို့၏ စစ်လေယာဉ် လေးစင်းပျက်စီးသွားပြီး ၁၆ ဦး သေဆုံးသွားခဲ့သည်။

တောင်ပိုင်း ဆာလာဟူဒင်ပြည်နယ်၌ အီရတ်လုံခြုံရေးတပ်များက အိုင်အက်စ်တို့အား ခုခံတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ အိုင်အက်စ်တို့သည် အဆိုပါဒေသရှိ ရေနံလုပ်ကွက်များကို ပြန်လည်ရရှိအောင် ကြိုးစားရာ မအောင်မြင်ဖြစ်ခဲ့ပြီးနောက် အီရတ်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူရန်ဒီအတိုက်အခံခေါင်းဆောင် လုပ်ကြံသတ်ဖြတ်ခံရမှုအပေါ် ပြစ်တင်ရှုတ်ချ

**ဂျီနီဗာ မေ ၂၅**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် စနေနေ့နှောင်းပိုင်းက ဘူရန်ဒီအတိုက်အခံပါတီခေါင်းဆောင်အတွက် ပြစ်တင်ရှုတ်ချခဲ့သည်။

ဇဒီဖာဂူဇီသည် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌဖြစ်ကာ အိမ်ပြန်လမ်းလျှောက်နေချိန်တွင် သေနတ်သမားတစ်ဦးက လုပ်ကြံပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ တတိယအကြိမ်မြောက် ဘူရန်ဒီနိုင်ငံ၏ သမ္မတရာထူးကို လက်ရှိသမ္မတ ပယ်ရီခူရန်ဇီဇာယှဉ်ပြိုင်ရွေးချယ်ခြင်းကို မလိုလားသော တားမြစ်ဆန့်ကျင် ဆန္ဒပြမှု ပြီးနောက် အဆိုပါပစ်ခတ်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဖာဂူဇီသည် ဆန့်ကျင်ဆန္ဒပြသူများကို စည်းရုံးလှုံ့ဆော်သူတစ်ဦးဖြစ်သည်။

သမ္မတရွေးချယ်ပြိုင်ပွဲကို ဇွန် ၂၆ ရက်တွင် ၎င်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါလုပ်ကြံ သတ်ဖြတ်မှုကဲ့သို့ တိုက်ခိုက်မှုမျိုးသည် ဘူဂျန်ဘူရာဈေးထဲတွင် မေ ၂၂ ရက်က ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး အခြားသူအများအပြား ဒဏ်ရာရရှိခဲ့သည်။ ယုံကြည်မှု ပြိုကွဲပြီး ခြိမ်းခြောက်ရာရောက်နေကြောင်း ဘန်ကီမွန်း၏ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

(ဆင်ဟွာ)

## ဆိုမာလီယာတောင်ပိုင်းရှိ ကျေးရွာလေးရွာကို အယ်လ်ရှာဘတ်စစ်သွေးကြွများ သိမ်းပိုက်

**မိုဂါဒစ်ရှူး မေ ၂၄**

ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူးတောင်ပိုင်းရှိ ကျေးရွာလေးရွာကို အစိုးရတပ်ဖွဲ့က စစ်သွေးကြွများ၏ လက်ထဲမှ ပြန်လည်သိမ်းပိုက်ခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် အယ်လ်ခိုင်ဒါအုပ်စုနှင့် ဆက်နွှယ်သည့် အယ်လ်ရှာဘတ် စစ်သွေးကြွများ၏ ထိန်းချုပ်မှုအောက်သို့ ပြန်လည်ကျရောက်ခဲ့ကြောင်း အာဏာပိုင်များကမေ ၂၃ ရက်တွင်ပြောကြားသည်။

စစ်သွေးကြွများသည် မေ ၂၂ ရက် ညပိုင်းက ဆိုမာလီယာနိုင်ငံတောင်ပိုင်းရှိ အော်ဒ်ဟီးကာလ်၊ မူဘာရက်၊ ဒါမီးရီးနှင့် ရှမ်စသည့်ကျေးရွာများသို့ ဝင်ရောက် တိုက်ခိုက်ခဲ့ရာ အစိုးရတပ်ဖွဲ့ဝင်များနှင့် အကြီးအကျယ်တိုက်ပွဲဖြစ်ပွားပြီး ယင်းပစ်ခတ်တိုက်ခိုက်မှု အတောအတွင်း၌ အစိုးရတပ်ဖွဲ့မှ တပ်မှူးတစ်ဦး ကျဆုံးခဲ့ကြောင်း အနိမ့်ပိုင်း ဘယ်လီးဒေသအုပ်ချုပ်ရေးမှူး အဗ္ဗူလ်ကာဒီမိုဟာမက်နော်စီဒီးက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုမှာမေ ၂၂ ရက် ညပိုင်း ဒေသစံတော်ချိန် နံနက် ၂နာရီခန့်မှ မိုးလင်းသည်အထိ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း၊ ၎င်းတို့အိပ်နေကြစဉ် အပြင်းအထန် သေနတ်ပစ်ခတ်သံများကြားခဲ့ရပြီး မကြာမီအတွင်း ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ထွက်ပြေးတိမ်းရှောင်၍မရသဖြင့် ပုန်းခိုခဲ့ရကြောင်း ဒေသခံပြည်သူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အယ်လ်ရှာဘတ် စစ်သွေးကြွများသည် ဆိုမာလီယာအမျိုးသားတပ်မတော်နှင့် အာဖရိကသမဂ္ဂတပ်ဖွဲ့အား ကျောထောက်နောက်ခံပြုသည့် တပ်ဖွဲ့တို့၏ အဓိကမြို့ကြီးများ၏ တွန်းလှန်တိုက်ထုတ်ခြင်းကို ခံခဲ့ရသော်လည်း အနိမ့်ပိုင်း ဘယ်လီးဒေသအစိတ်အပိုင်းတချို့ကို ယနေ့အထိ ထိန်းချုပ်ထားဆဲပင်ရှိကြောင်း သတင်းများအရ သိရသည်။

(ဆင်ဟွာ)

# ဂျပန်နိုင်ငံ၌ကျင်းပသည့် အာရှ၏ အနာဂတ်ရေးရာ နိုင်ငံတကာဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်ဆွေးနွေး

**နေပြည်တော် မေ ၂၄**

သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် Nikki Inc က ကြီးမှူးကျင်းပသည့် အာရှ၏ အနာဂတ်ရေးရာ နိုင်ငံတကာ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်၍ ASEAN Economic Community ဖွဲ့စည်းမှုနှင့် ၎င်းဖွဲ့စည်းမှု၏ အာရှဒေသပေါ် အကျိုးသက်ရောက်မှု၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့ပြီးသည့် ပြုပြင်ပြောင်းလဲမှုများ၊ ဆောင်ရွက်ရန်ကျန်ရှိနေသည့် ပြုပြင်ပြောင်းလဲမှုများနှင့် မြန်မာနိုင်ငံ၏ အနာဂတ်ရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်သူများ၏ မေးမြန်းသည့် မေးခွန်းများကို ဖြေကြားခဲ့သည်။ **(ယာပုံ)**




ယင်းအစည်းအဝေးသို့ မွန်ဂိုလီးယားနိုင်ငံသမ္မတ အယ်ဘာဒေါ့၊ မလေးရှား ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မဟာသီဟာမိုဟာမက်၊ စင်ကာပူ ဂုဏ်ထူးဆောင် အကြီးတန်း ဝန်ကြီး ဂိုချုပ်တောင်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒီဘာကူးလား၊ ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ဘူဘန် နင်း၊ ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီး ပူရီစီးမား၊ ကမ္ဘောဒီးယား စီးပွားကူးသန်းရေးရာဝန်ကြီး ချန်ဟို၊ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ဆင်ဟာနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူး လီလောင်မင်တို့ တက်ရောက်ခဲ့ကြပြီး ၎င်းတို့ကလည်း အာရှ၏ အနာဂတ်ရေးရာနှင့်ပတ်သက်၍ ၎င်းတို့၏ အမြင်များကို ပါဝင်ဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံအခြေပြု စီးပွားရေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့သည်။ အလားတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် စင်ကာပူ ဂုဏ်ထူးဆောင် အကြီးတန်းဝန်ကြီး ဂိုချုပ်တောင်နှင့် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ ကာလာတို့နှင့် လူမှောင်ခိုကူးမှု ကိစ္စရပ်များနှင့် မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် မေ ၂၁ ရက် ညနေပိုင်းတွင် နိကေးသတင်းဌာနမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အခြားအာရှနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd. တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀) နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ(၃)ခုထားရှိကာ နံပါတ် (၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသသတင်းနှင့် နံပါတ်(၃)တွင် နောက်ဆုံးရ ထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Moblile ဖုန်း အော်ပရေတာများနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




# မူးယစ်အသိပညာပေးပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအသိပညာပေး ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကာတွန်းပြိုင်ပွဲကို ဇွန် ၆ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လသာမြို့နယ် အထက (၂)မြည်းလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လသာမြို့နယ် အထက(၂)မြည်းလာခန်းမ၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းဘေးရှိ တကယ့်ဖြစ်ရပ်မှန် မှုခင်းမဂ္ဂဇင်း(ရုံးခန်းဟောင်း)၌ အခမဲ့ ထုတ်ယူနိုင်ပြီး ဖြည့်စွက်ပုံစံများကို ဇွန် ၅ ရက် နောက်ဆုံးထားပေးပို့ကြရန် ပြိုင်ပွဲကျင်းပရေးကော်မတီက အသိပေးနိုးဆော်ထားကြောင်း သိရသည်။

**ကိုချစ်**



# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် အလားအလာအပေါ် World Travels & Tourism Council (WTTC) ၏ လေ့လာသုံးသပ်တွေ့ရှိချက်များအား စုစည်းဖော်ပြခြင်း


နိုင်ငံတစ်နိုင်ငံ/ခရီးစဉ်ဒေသတစ်ခုသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာသည်နှင့်အတူ ၎င်းတို့သုံးစွဲခဲ့သည့် နိုင်ငံခြားငွေများ စီးဆင်းမှုကြောင့် အကျိုးသက်ရောက်မှုများအနေဖြင့် အခြေခံလူတန်းစား ဈေးဆိုင်ငယ်များ၊ ဆိုက်ကား၊ မြင်းလှည်းများမှအစ စားသောက်ဆိုင်ကြီးများ၊ အဆင့်မြင့်ဈေးဆိုင်ကြီးများ၊ ကြယ်ငါးပွင့်အဆင့်ဟိုတယ်ကြီးများ၊ လေကြောင်းလိုင်းများအထိ အကျိုးကျေးဇူးများရရှိနိုင်သည့်အပြင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ထုတ်ပေးနိုင်ပြီး နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုပေးနိုင်ပါသည်။





ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်ငန်းကဏ္ဍအသီးသီးသို့ အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည့် အခြေအနေများကို ပုံမှန်လေ့လာဆန်းစစ်သုတေသနပြုဖော်ထုတ်နေသော ကမ္ဘာ့နိုင်ငံအသီးသီး၏ အသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုဖြစ်သည့် World Travels & Tourism Council(WTTC) အနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၈၀ ကျော်ကို လေ့လာဆန်းစစ် သုတေသနပြုလုပ်ပြီးမှ မြန်မာနိုင်ငံအပါအဝင် ပထဝီဝင်အနေအထားအရ ဆက်စပ်နေသည့်နိုင်ငံများအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် အိမ်ရှင်နိုင်ငံအပေါ် စုစုပေါင်းအကျိုးပြုနိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်နှင့် ၂၀၁၄ခုနှစ် နှိုင်းယှဉ်ဖော်ပြချက်တွင်-

- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် "ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ တိုက်ရိုက်ဝင်ငွေ စီးဆင်းနိုင်မှုအခြေအနေ" မှာ အဆင့် ၁၀၄ ၌ ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့် ၉၆ သို့ ရောက်ရှိလာခဲ့ပါသည်။

"ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ တိုက်ရိုက်ဝင်ငွေစီးဆင်းနိုင်မှုအခြေအနေ"
၂၀၁၃-၂၀၁၄ ခုနှစ် နှိုင်းယှဉ်ချက်





"ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ စုစုပေါင်းဝင်ငွေစီးဆင်းနိုင်မှု အခြေအနေ"
၂၀၁၃-၂၀၁၄ ခုနှစ် နှိုင်းယှဉ်ချက်





- "ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ စုစုပေါင်း ဝင်ငွေစီးဆင်းနိုင်မှုအခြေအနေ" ရပ်တည်မှုတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဆင့် ၁၁၁ ၌ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့် ၉၉ သို့ ရောက်ရှိလာခဲ့ပါသည်။

"ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိနိုင်မှု အခြေအနေ"
၂၀၁၃-၂၀၁၄ ခုနှစ် နှိုင်းယှဉ်ချက်





"ခရီးသွားလုပ်ငန်းမှ စုစုပေါင်းအလုပ်အကိုင်ရရှိနိုင်မှု အခြေအနေ"
၂၀၁၃-၂၀၁၄ ခုနှစ် နှိုင်းယှဉ်ချက်





- ၎င်းအပြင် "ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိမှု အခြေအနေ"တွင်လည်း ၂၀၁၃ ခုနှစ်တွင် အဆင့် ၄၀၌ ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့် ၃၁ သို့ ရောက်ရှိလာခဲ့ပါသည်။
- "ခရီးသွားလုပ်ငန်းမှ စုစုပေါင်းအလုပ်အကိုင် ရရှိနိုင်မှုအခြေအနေ" တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်၌ အဆင့် ၃၈၌ ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့် ၃၅သို့ ရောက်ရှိလာခဲ့ပါသည်။

"ခရီးသွားလုပ်ငန်းသို့ မတည်ရင်းနှီးမြှုပ်နှံမှုအခြေအနေ"
၂၀၁၃-၂၀၁၄ ခုနှစ် နှိုင်းယှဉ်ချက်




"ခရီးသွားလုပ်ငန်းထုတ်ကုန်များမှ ရရှိငွေပမာဏ"
၂၀၁၃-၂၀၁၄ ခုနှစ် နှိုင်းယှဉ်ချက်





- "ခရီးသွားလုပ်ငန်းသို့ မတည်ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်သည့် အခြေအနေ"တွင် မြန်မာနိုင်ငံအနေဖြင့်၂၀၁၃ခုနှစ်တွင် အဆင့် ၁၄၀ ၌ ရှိနေခဲ့ပြီး၂၀၁၄ခုနှစ်တွင်မူ အဆင့် ၁၄၁ ဖြစ်ခဲ့ပါသည်။
- ၎င်းအပြင် "ခရီးသွားလုပ်ငန်းထုတ်ကုန်များမှ ရရှိငွေပမာဏနှိုင်းယှဉ်ဖော်ပြချက်"တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဆင့် ၁၂၅ ၌ ရှိနေခဲ့ပြီး၂၀၁၄ ခုနှစ်တွင်မူ အဆင့် ၁၀၁ သို့ရောက်ရှိခဲ့ပါသည်။


World Travels & Tourism Council(WTTC) မှ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၈၀ ကျော်ကို လေ့လာဆန်းစစ်သုတေသနပြုလုပ်ပြီး မြန်မာနိုင်ငံအပါအဝင် ပထဝီဝင်အနေအထားအရ ဆက်စပ်နေသည့်နိုင်ငံများအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် အိမ်ရှင်နိုင်ငံအပေါ် စုစုပေါင်းအကျိုးပြုနိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်းနှင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း ရေရှည်အလားအလာ နှိုင်းယှဉ်မှုအခြေအနေများ ဖော်ပြချက်တွင်-

- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း၌ "ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ တိုက်ရိုက်ဝင်ငွေစီးဆင်းနိုင်မှုအခြေအနေ"မှာ အဆင့် ၇ ၌ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ် မှ ၂၀၂၅ ခုနှစ်ထိ ၁၀နှစ်တာကာလအတွင်း၌မူ အဆင့် ၂ သို့ ရောက်ရှိနိုင်ကြောင်းဖော်ပြထားပါသည်။

"(၁၀)နှစ်တာကာလအတွင်း ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ တိုက်ရိုက်ဝင်ငွေစီးဆင်းနိုင်မှု အခြေအနေ" ၂၀၁၄-၂၀၂၄နှင့် ၂၀၁၅-၂၀၂၅ ခုနှစ် နှိုင်းယှဉ်ချက်




"(၁၀)နှစ်တာကာလအတွင်း ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ စုစုပေါင်းဝင်ငွေ စီးဆင်းနိုင်မှု အခြေအနေ" ၂၀၁၄-၂၀၂၄နှင့် ၂၀၁၅-၂၀၂၅ ခုနှစ် နှိုင်းယှဉ်ချက်




စာမျက်နှာ ၇ ကော်လံ ၁ သို့

# အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲ တတိယနေ့ ကျင်းပ

ရန်ကုန် မေ ၂၄

**၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)တတိယနေ့အဖြစ် ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ တက္ကသိုလ် စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပသည်။**

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက "ဘာသာရပ်မြှင့်တင်ရေးအတွက် ဘာသာရပ်အလိုက် နှီးနှောဖလှယ်ပွဲများ ကျင်းပရေးနှင့် Symposium ထူထောင်နိုင်ရေးစာတမ်း"ကို ဖတ်ကြားဆွေးနွေးပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာမြင့်သိန်းက Moderator အဖြစ်ဆောင်ရွက်ခဲ့သည်။

ယင်းစာတမ်းတွင် နိုင်ငံတကာ အဆင့်မီတက္ကသိုလ် ဖြစ်ထွန်းလာရေး၊ နိုင်ငံတကာ တက္ကသိုလ်များ၏ မဟာဌာနများနှင့် ကျောင်းဖွဲ့စည်းပုံနှင့် နှီးနှောဖလှယ်ပွဲများကျင်းပရန် လိုအပ်သည့် ကဏ္ဍများပါဝင်သည်။

စာတမ်းရှင် ဒေါက်တာအောင်သူက အဆင့်မြင့်ပညာရေးအဆင့်အတန်း မြင့်မားရေးသည် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ ပေါ်ထွန်းလာမှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များဖြစ်ပေါ်ရေးအတွက် ဘာသာရပ်တိုးချဲ့ခြင်း၊ မဟာဌာနများဖွဲ့စည်းခြင်း၊ ဘာသာရပ်ဆိုင်ရာ သင်ရိုးများ နိုင်ငံတကာအဆင့်မီဖြစ်စေခြင်း၊ ဝန်ထမ်းများ၏ အရည်အသွေးပြည့်မီစေခြင်း၊ ခေတ်မီ သင်ကြားသင်ယူမှုများကို ဖြစ်စေခြင်း၊ ဥပဒေရေးရာ၊ မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှီးနှောဖလှယ်ပွဲများနှင့် Symposium များ ကျင်းပသင့်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

နိုင်ငံတကာ ဆက်သွယ်မှုများ တိုးမြှင့်ခြင်း၊ ဘာသာရပ်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်အဖွဲ့များ ဖွဲ့စည်းပြီး ဒေသတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ Research Network ထူထောင်ခြင်း၊ Policy Research ပြုလုပ်ခြင်းတို့ ဆောင်ရွက်သင့်ပြီး နှီးနှောဖလှယ်ပွဲများ ကျင်းပမည်ဆိုပါက ကြိုတင်ကြေညာကာ အမှန်တကယ် ဆွေးနွေးနိုင်မည့် ပုဂ္ဂိုလ်များဖိတ်ကြားသင့်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များ ဖြစ်ပေါ်လာအောင် နိုင်ငံတကာမှ Model တစ်ခု နမူနာရယူပြီး ဦးစားပေးအဆင့် သတ်မှတ်ကာ ဆောင်ရွက်သင့်ကြောင်းဖြင့် တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

အလားတူ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးက "အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍ ( ၂၀၁၆-၁၇မှ ၂၀၂၀ -၂၁ အထိ) ငါးနှစ်စီမံကိန်းစာတမ်းကို" ဖတ်ကြားဆွေးနွေးပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့မှ အတိုင်ပင်ခံပညာရှင် ဒေါက်တာမြင့်သိန်းက Moderator အဖြစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စာတမ်းတွင် ပြည်တွင်းပြည်ပအတွေ့အကြုံများနှင့် လေ့လာဆန်းစစ်တွေ့ရှိချက်များ၊ နောင်လာမည့် ငါးနှစ်အတွင်း ဖြေရှင်းရမည့် စိန်ခေါ်မှုများ၊ အသွင်ကူးပြောင်းမှုဆိုင်ရာ ပြောင်းလဲမှုအတွက် နည်းဗျူဟာများနှင့် မဟာဗျူဟာအောင်မြင်ရေးအတွက် ရလဒ်မူဘောင်များ ပါဝင်သည်။

အမျိုးသားအဆင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး(အဆင့်မြင့်ပညာကဏ္ဍ) စီမံကိန်း၏ မျှော်မှန်းချက်မှာ "မြန်မာနိုင်ငံ၏ ပညာရေး အဆင့်ကို အာဆီယံပညာရေးနှင့် နိုင်ငံတကာ ပညာရေးအဆင့်များအထိ မြှင့်တင်ပေးပြီး တက္ကသိုလ်များကို နိုင်ငံတော်၏ ပညာရေးအခြေပြု စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်မည့်လူမှုစီးပွားရေးဖွံ့ဖြိုးမှုအထောက်အကူပြုဌာနများ ဖြစ်လာစေရန်"ဖြစ်သည်။

စာတမ်းရှင် ဒေါက်တာမျိုးသိမ်းကြီးက နောင်လာမည့် ငါးနှစ်အတွင်း ဖြေရှင်းရမည့် စိန်ခေါ်မှုများမှာ အဆင့်မြင့်ပညာရေး အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု၊ အဆင့်မြင့် ပညာရေး အရည်အသွေးမြှင့်တင်ခြင်း၊ အဆင့်မြင့်ပညာရေးသင်ယူခွင့် မျှတမှုရှိစေခြင်း၊ တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ မြှင့်တင်ခြင်းတို့ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းမှုဆိုင်ရာ ပြောင်းလဲမှုအတွက် နည်းဗျူဟာများမှာ အဆင့်မြင့် ပညာရေး အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုကို အားဖြည့်ပေးခြင်း၊ အမျိုးသားအဆင့်နှင့် တက္ကသိုလ်အဆင့် အရည်အသွေး အာမခံမှုစနစ် ထူထောင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြှင့်တင်ခြင်း၊ သင်ရိုးညွှန်းတမ်း အရည်အသွေးမြှင့်တင်ခြင်း၊ သင်ကြားခွင့် တန်းတူညီမျှ ရရှိရေးတိုးမြှင့်ခြင်း၊ သုတေသနအခြေခံ ဖောင်ဒေးရှင်းများတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း၊ မဟာဗျူဟာအောင်မြင်ရေးအတွက် တစ်ဦးချင်းနှင့် တက္ကသိုလ်အလိုက် စွမ်းဆောင်ရည် မြှင့်တင်ပျိုးထောင်ခြင်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လေ့ကျင့်ပျိုးထောင်ခြင်းအတွက်ရေရှည်အားဖြည့်ခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဖြင့်ဆွေးနွေးခဲ့သည်။


တက်ရောက် လာကြသူများကလည်း ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်ရေး၊ တက္ကသိုလ်များအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှုအတွက် စီမံကိန်းချမှတ်ဆောင်ရွက်ရေး ကြိုးစားသင့်ကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အထွေထွေစာတမ်း ဖတ်ကြား ဆွေးနွေးခြင်းကဏ္ဍ၌ "Myanmar Citation Index (MnCI) ထူထောင်ရေးစာတမ်း"ကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ရည်ရည်မော်က လည်းကောင်း၊ " UNESCO Institute of Statisics (UIS) ၏ ပညာရေးကိန်းများပြုစုရေးနှင့် အချက်အလက်များ ပြည့်စုံစွာရရှိရေးစာတမ်း"ကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မျိုးသိမ်းကြီးကလည်းကောင်း၊ "အားကစားနှင့်ပညာရေး ပေါင်းစပ်ရေးစာတမ်း" ကို ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဦးက လည်းကောင်း၊ "မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်း" ကို အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာ တင်ညိုက လည်းကောင်း၊ "ဘက်စုံပညာ ထူးချွန်လူငယ်များ ပြုစုပျိုးထောင်ရေးစာတမ်း" ကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာမောင်သင်းက လည်းကောင်း၊ "ပညာရေးဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရေးဆိုင်ရာကိစ္စများ စာတမ်း" ကို ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကျော်နိုင်က လည်းကောင်း၊ " Community Learning and Development နှင့် ပတ်သက်သည့်စာတမ်း"ကို Jupiter Myanmar Education(JME) မှ Founder and CEO ဦးအောင်ကျော်မျိုးက လည်းကောင်း၊ "အဆင့်မြင့်ပညာကဏ္ဍ ဆက်စပ်ဥပဒေရေးဆွဲရာတွင် ထည့်သွင်းရန်လျာထားချက်များစာတမ်း" ကို ဒဂုံတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာကြူကြူဆွေက လည်းကောင်း ဖတ်ကြားဆွေးနွေးခဲ့ကြသည်။ **(ပညာရေး)**


*စာမျက်နှာ ၆ မှ*

- "ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ စုစုပေါင်းဝင်ငွေစီးဆင်းနိုင်မှု အခြေအနေ" ရပ်တည်မှုတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မှ ၂၀၂၄ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း အဆင့် ၇ ၌ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ၁၀နှစ်တာကာလအတွင်း၌မူ အဆင့် ၁ သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

"(၁၀)နှစ်တာကာလအတွင်း ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိမှုအခြေအနေ" ၂၀၁၄-၂၀၂၄နှင့် ၂၀၁၅-၂၀၂၅ ခုနှစ် နှိုင်းယှဉ်ချက်




"(၁၀)နှစ်တာကာလအတွင်း ခရီးသွားလုပ်ငန်းမှ စုစုပေါင်းအလုပ်အကိုင်ရရှိမှုအခြေအနေ" ၂၀၁၄-၂၀၂၄နှင့် ၂၀၁၅-၂၀၂၅ ခုနှစ် နှိုင်းယှဉ်ချက်




- ၎င်းအပြင် "ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိမှု အခြေအနေ"တွင်လည်း ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း အဆင့် ၅၌ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ၁၀နှစ်တာကာလအတွင်း၌မူ အဆင့် ၁ သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။
- "ခရီးသွားလုပ်ငန်းမှ စုစုပေါင်းအလုပ်အကိုင်ရရှိနိုင်မှုအခြေအနေ"တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း အဆင့် ၉ ၌ ရှိနေခဲ့ပြီး ၂၀၁၅ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း၌မူ အဆင့် ၂ သို့ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

"(၁၀)နှစ်တာကာလအတွင်း ခရီးသွားလုပ်ငန်းသို့ မတည်ရင်းနှီးမြှုပ်နှံမှု အခြေအနေ" ၂၀၁၄-၂၀၂၄နှင့် ၂၀၁၅-၂၀၂၅ ခုနှစ် နှိုင်းယှဉ်ချက်



"(၁၀)နှစ်တာကာလအတွင်း ခရီးသွားလုပ်ငန်း ထုတ်ကုန်များမှ ရရှိငွေ ပမာဏ" ၂၀၁၄-၂၀၂၄နှင့် ၂၀၁၅-၂၀၂၅ ခုနှစ် နှိုင်းယှဉ်ချက်



- "ခရီးသွားလုပ်ငန်းသို့ မတည်ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့်အခြေအနေ"တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၁၀နှစ်တာကာလအတွင်း အဆင့် ၇ ၌ရှိနေခဲ့ပြီး၂၀၁၅ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း၌မူ အဆင့် ၂ သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။
- ၎င်းအပြင် "ခရီးသွားလုပ်ငန်းထုတ်ကုန်များမှ ရရှိငွေပမာဏ နှိုင်းယှဉ်ဖော်ပြချက်"တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း အဆင့် ၁ ၌ ရှိနေခဲ့ပြီး ၂၀၁၅ခုနှစ်မှ ၂၀၂၅ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း၌လည်း အဆင့် ၁ ၌ပင် ရပ်တည်မှုရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ နိုင်ငံတော်၏သက်ဆိုင်သည့် ကဏ္ဍအသီးသီးသို့ မျက်မှောက်အကျိုးပြုနိုင်မှုအခြေအနေများ နှိုင်းယှဉ်ဖော်ပြချက်အပါအဝင် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာအခြေအနေကောင်းများနှင့်ပတ်သက်၍ နိုင်ငံတကာခရီးသွားလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် World Travels & Tourism Council (WTTC)၏ အထက်ဖော်ပြပါ လေ့လာဆန်းစစ်ဖော်ထုတ်ချက်များကို သိသာနိုင်ပါရန် စုစည်းတင်ပြအပ်ပါသည်။

❒ *ရွှေဖုံးမှ*

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကုမ္ပဏီ ၁၅၁ ခုမှ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၉ ဒသမ ၆၄၁ ဘီလီယံရှိသဖြင့် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ၏ ၃၄ ဒသမ ၇၉ ရာခိုင်နှုန်းရှိကြောင်း၊ ပြီးခဲ့သောဘဏ္ဍာရေး နှစ်ကုန်အထိ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုငွေမှာ ဒေါ်လာ ၁၉ ဒသမ ၃၂ ဘီလီယံရှိကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၁၇ ဘီလီယံရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အများဆုံးရသော အခြားကဏ္ဍငါးခုမှာ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅ ဒသမ ၆၁ ဘီလီယံရှိသော ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃ ဒသမ ၁၈၃ ဘီလီယံ ရှိသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဒသမ ၈၆၈ ရှိသော သတ္တုတူးဖော်ရေးကဏ္ဍတို့ဖြစ်ကြောင်း သိရသည်။

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး နှိုးဆော်ချက်

၁။ မိုးဦးကျကာလတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပွားတတ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါအချက်များတွေ့ရှိပါက နီးစပ်ရာ လျှပ်စစ်ရုံး၊ လျှပ်စစ်ဝန်ထမ်းများထံ ဆက်သွယ်အကြောင်းကြားပေးပါရန်-

(က) အိမ်သို့ သွယ်တန်းထားသော ဆားဗစ်ဝိုင်ယာကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်း။

(ခ) အိမ်ခြံဝင်းအတွင်း၌ သွယ်တန်းထားသောဝိုင်ယာကြိုးများ လျော့ကျခြင်း၊ပြတ်ကျခြင်း။

(ဂ) လမ်းများပေါ်ရှိ ဓာတ်အားလိုင်းများလျော့ကျခြင်း၊ ပြတ်ကျခြင်း။

(ဃ) လယ်ကွင်းများအတွင်းရှိ ဓာတ်အားလိုင်းများ လျော့ကျခြင်း၊ ပြတ်ကျခြင်း။

(င) ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်း။

၂။ အထက်ပါအချက်များတွေ့ရှိပါက အများပြည်သူများ လျှပ်စစ်အန္တရာယ်မဖြစ်စေရေးအတွက် စောင့်ကြည့်သတိပေးမှုများ၊ အတားအဆီးများပြုလုပ်ခြင်းတို့ကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

❇ ကျောဖုံးမှ

ဒီမိုကရေစီအစိုးရသစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ (၄)နှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို(၄)နှစ်ကျော်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်အားလုံးကို ခြုံကြည့်ပါက တိုးတက်သင့်သလောက် တိုးတက်နေသည်ကို အားလုံးတွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ထိုတိုးတက်မှုများထဲမှ ဥပမာအချို့ကို ပြောရမည်ဆိုပါက မိုဘိုင်းတယ်လီဖုန်း အသုံးပြုနိုင်သူများ များစွာတိုးတက်လာခြင်း၊ လျှပ်စစ်မီးရရှိမှု တိုးတက်လာခြင်း၊ တစ်နေရာမှတစ်နေရာသို့ သွားလာရေး ပိုမိုလွယ်ကူလာခြင်း၊ အခမဲ့ပညာရေး၊ အခမဲ့ကျန်းမာရေးပိုမိုရရှိလာခြင်း၊ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြခြင်း စသည့် ဥပမာအနည်းငယ်အချို့တို့ဖြစ်ပါကြောင်း။

ထိုတိုးတက်မှုများသည် အားလုံးအတွက် လက်လှမ်းမမီနိုင်သော်လည်း လက်လှမ်းမီနိုင်သူများ တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ရှေ့အလားအလာများလည်း ပိုမိုပြီး ဖွံ့ဖြိုးလာပြီဖြစ်သည့်အတွက် ယခင်ကထက် အောင်မြင်နေပြီဟု ဆိုနိုင်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုအပ်ချက်များကို မြို့ပြများတွင်သာ တိုးတက်အောင် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ ကျေးလက်ဒေသများကိုလည်း ဖွံ့ဖြိုးအောင်ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ကျေးရွာများသို့ ကွင်းဆင်းလေ့လာ ဆွေးနွေးပြီး ပံ့ပိုးကူညီနိုင်သည်များကို အတတ်နိုင်ဆုံး ပံ့ပိုးကူညီပေးသွားနိုင်ရန် လာရောက်ခြင်းဖြစ်သည့် အတွက် ရပ်ရွာလူထုမှ လိုအပ်သည်များကို ဆွေးနွေးနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက လားရှိုးမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် ဆောင်ရွက်ပေးခဲ့မှု၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ထို့နောက် နောင်မွန်ကျေးရွာ၊ ဟန်နားကျေးရွာ၊ ပုန်းထွန်ကျေးရွာ၊ စင့်အင်ကျေးရွာ၊ နားမခေကျေးရွာ၊ ခေးနင်းကျေးရွာ၊ နမ့်ပေါင်ကျေးရွာ၊ ခါးသျှိကျေးရွာနှင့် မန်ပျဉ်ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးတင်ဌေး၊ ဦးအောင်သန်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဒေသလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဒေသအလိုက်လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတက နောင်မွန်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နောင်မွန်ကျေးရွာ၌ တိုက်နယ်ဆေးရုံနှင့် မီးသတ်စခန်း တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့် မြေနေရာနှင့် တောင်သူများအား ပြန်လည်ပေးအပ်မည့် အစားထိုးမြေနေရာသစ်တို့ကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် နောင်မွန်ကျေးရွာရှိ မဟာမုနိန္ဒာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကဝိဓဇနှင့် လားရှိုးမြို့ ပေါ်ရှိ စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညနန္ဒ တို့အားသွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်ကြီးများထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံရသော သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး ထပ်ဆင့်ဂုဏ်ပြုပူဇော်သည်။




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နောင်မွန်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ အမျှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒါယကာ ဒါယိကာမများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက မန်ဆူရှမ်းကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်ချက်များကို ဖတ်ကြားလျှောက်ထားပြီး ဆရာတော် ဘဒ္ဒန္တပုညနန္ဒ၏ စွမ်းဆောင်ချက်များကို ဗီဒီယိုဆလိုက်များဖြင့် ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့က နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံရသော သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ဆရာတော်ကြီးထံ အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် ဒုတိယသမ္မတနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း ၂၈၂ သိန်းကို လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# မွန်နှင့် ကရင်ပြည်နယ်အတွင်းရှိ သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းပေါ်မှ တည်င်တံတား



သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းပေါ်မှ နှစ်လွှာတစ်ထပ်ဘေလီတံတား(တည်င်)ကို တွေ့ရစဉ်။

**သံဖြူဇရပ် မေ ၂၄**

သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းသည် မွန်ပြည်နယ်သံဖြူဇရပ်မှ ကရင်ပြည်နယ်ဘုရားသုံးဆူအထိ ၆၄ မိုင် ၅ ဖာလုံရှိသည်။ အဆိုပါကားလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းလမ်းဦးစီးဌာနက တာဝန်ယူ၍ ဖောက်လုပ်ခဲ့သော မြန်မာ-ထိုင်း နယ်စပ်ကားလမ်းတစ်လမ်းဖြစ်သည်။

အဆိုပါကားလမ်းတွင် Box Culvert တံတား ၆၆ စင်း၊ ပေ ၅၀ အောက်တံတား ၇၇ စင်း၊ ပေ ၅၀ မှ ပေ ၁၀၀ အောက် တံတား ၁၂ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အောက် တံတားငါးစင်း၊ ပေ ၁၈၀ နှင့်အထက် တံတားငါးစင်း စုစုပေါင်းတံတား ၁၆၅ စင်းပါရှိရာ ပေ ၅၀ အထက်တံတားများကို တံတားဦးစီးဌာန တံတားဆောက်လုပ်ရေး စီမံကိန်း တံတားအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

သို့ဖြစ်၍ အဆိုပါ သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းမိုင်တိုင်အမှတ် (၁၅/၅)ရှိ တည်င်တံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရရှိသည့် ရန်ပုံငွေကျပ် ၅၉ သန်းဖြင့် ၂၃-၁၁-၂၀၁၄ ရက်က စတင်၍ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ အဆိုပါ တည်င်တံတားမှာ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒေသတွင်းမှ ပြည်သူများ အသုံးပြုနေကြပြီဖြစ်သည်။

အဆိုပါတံတားသည် အရှည်ပေ ၆၀၊ အကျယ် ၁၃ ပေရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဘေလီတံတားဖြစ်ကြောင်း သိရသည်။ **ခရမ်း-စိုးမြင့်**

◆ ကျောဖုံးမှ

မိုးရေချိန်သည် ဆွန်ပိုဂျပန်ကုမ္ပဏီ၏အာမခံကြေးအတွက် ရာသီဥတုအညွှန်းကိန်းတစ်ရပ်သာဖြစ်ပြီး အခြားသောအချက်အလက်များအနေဖြင့် အပူချိန်နှင့် လေတိုက်နှုန်းတို့လည်း ပါဝင်ကြောင်း၊ အခြားအာမခံလုပ်ငန်းများနှင့် မတူညီသောအချက်မှာ အာမခံထားရှိသူများအနေဖြင့် ပျက်စီးဆုံးရှုံးမှုဆိုင်ရာ အထောက်အထားကို တင်ပြစရာမလိုကြောင်းသိရသည်။

**(Nikkei Asian Review)**

စာအုပ် စာပေ
လူ့မိတ်ဆွေ

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး နေပြည်တော်၌ကျင်းပမည်

**နေပြည်တော် မေ ၂၄**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်သော (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMIT ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်ရန် မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇွန် ၂၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း ၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၀၂၅နှင့် ၄၁၂၀၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အနာဂတ်နိုင်ငံတော်သည် မောင်တို့၊ မယ်တို့ ထက်မြက်လျှင် ထက်မြက်သလောက် အရောင်တောက်လာမည်

**နေပြည်တော် မေ ၂၄**

ရေကြောင်းလူငယ် မောင်မယ်နှင့် လေကြောင်းလူငယ် မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဇေယျာသီရိ ဗိမာန်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ဇနီးများ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များနှင့် အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လူငယ်လူရွယ်များသည် နုပျိုလန်းဆန်းခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ခွန်အားပြည့်ဝ၍ ကြံ့ခိုင်ခြင်း၊ စူးစမ်းလေ့လာတတ်ခြင်း၊ စွန့်စားလိုခြင်း၊ အသိပညာ အတတ်ပညာတို့ကို စူးစမ်းလေ့လာတတ်သဖြင့် အသိပညာ အားကောင်းခြင်းစသည့် ပင်ကိုအရည်အသွေးများနှင့်ပြည့်စုံသူများဖြစ်၍ အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများ၊ ပညာရှင်လောင်းများအဖြစ် နိုင်ငံတော်က အားထားရစမြဲဖြစ်ကြောင်း။

လူငယ်များသည် အရာရာကို စူးစမ်းလေ့လာတတ်သူများ ဖြစ်သဖြင့် ပတ်ဝန်းကျင်၏ မကောင်းသည့် လွှမ်းမိုးသွေးဆောင်မှုများ၊ မိမိစိတ်အလိုကို မဆင်မခြင်လိုက်ပါမှုများကြောင့် မိမိ၏ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာများတွင် ထိခိုက်ယိုယွင်းပျက်စီးတတ်ကြောင်း၊ ကျောင်းပညာရပ်များကို ကြိုးကုတ်ဆည်းပူးနေရသည့်အတွက်မလေ့လာ၊ မသိကျွမ်းနိုင်သေးသော နိုင်ငံရေးနယ်ပယ်၌ အသုံးချခံရခြင်းနှင့် သရုပ်ပျက်ယဉ်ကျေးမှုများကို အတုယူခြင်းစသည့်အချက်များသည် အပြစ်ကင်း၍ ထက်မြက်သော လူငယ်တို့၏ ဘဝလမ်းကြောင်းကို တိမ်းစောင်းသွားစေနိုင်ကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြောင်းလူငယ်သင်တန်း၊ လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

**အနာဂတ် မြန်မာနိုင်ငံတော်သည် ယနေ့လူငယ်များ၏ လက်ထဲတွင်ပင်ရှိပါကြောင်း၊ မောင်တို့၊ မယ်တို့ ထက်မြက်လျှင် ထက်မြက်သလောက် အရောင်တောက်လာမည် ဖြစ်**ပါကြောင်း၊ မောင်တို့၊ မယ်တို့သည် မျိုးချစ်စိတ်အားကောင်းသည့် လူငယ်များဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အနာဂတ် ထွန်းတောက်လာစေရေး၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးသယ်ပိုးနိုင်မည့်သူများ ဖြစ်လာစေရေး ကြိုးစားဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြဝတီတေးဂီတအဖွဲ့မှ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ရာ အခမ်းအနားတက်ရောက်လာကြသူများ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်း လူငယ်မောင်မယ်နှင့် လေကြောင်းလူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လူငယ်မောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူအသီးသီးမှ ရှင်းလင်းပြောကြားသည်။

နံနက်ပိုင်းကလည်း ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များသည် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လည်းကောင်း၊ စစ်သမိုင်းပြတိုက်ရှိ တပ်မတော်(ကြည်း) ပြခန်းများ၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်းနှင့် ပြင်ပပြကွက်များဖြစ်သော တပ်မတော်(ကြည်း)မှ အမြောက်များနှင့် တိုက်ခိုက်ရေးယာဉ်များ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် တပ်မတော်(လေ)မှ လေယာဉ်များ၊ ရဟတ်ယာဉ်များကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က လှေစီးဒုက္ခသည်များကို နိုင်ငံသားအဖြစ်စိစစ်ပြီး ပြန်လည်ခေါ်ယူရန်လုပ်ဆောင်လျက်ရှိ

**ကျော်သဲအိမ်**

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ဟာစီနာသည် ယနေ့နံနက်ပိုင်းက အလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပင်လယ်ရပ်ခြားနိုင်ငံများ၌ သောင်တင်နေသည့် လှေစီးဒုက္ခသည်များကို နိုင်ငံသားအဖြစ်စိစစ်ပြီး ပြန်လည်ခေါ်ယူရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ပြန်လည်ရောက်ရှိလာမည့် နိုင်ငံသားများကို စိစစ်ပြီး လူမှောင်ခိုများနှင့်အတူ တရားဥပဒေအရ အရေးယူရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းတွေ့ဆုံပွဲတွင် ဟာစီနာက နိုင်ငံ့ဂုဏ်သိက္ခာ ကျဆင်းစေသည့် တရားမဝင် ရွှေ့ပြောင်းသွားလာသူများနှင့် လူပွဲစားများကို အရေးယူရန် ဆောင်ရွက်နေပါကြောင်း၊ အသက်နှင့်ရင်းပြီး ရွှေ့ပြောင်းသွားလာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအပေါ် စိတ်ပျက်မိပါကြောင်း၊ အစိုးရအနေဖြင့် တရားဝင်လမ်းကြောင်းဖြင့် အလုပ်သမားများကို ပြည်ပသို့ ပို့ပေးနေသည့်တိုင် ပွဲစားကို ငွေကြေးများစွာပေးပြီး မရေရာမသေချာသည့် လမ်းကြောင်းကို ရွေးချယ်သူများ ရှိနေကြောင်း၊ ယင်းမှာ ရွှေသမင်အလိုက်မှားနေသူများဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် လူမှောင်ခိုများကို ငွေပေးမည့်အစား ယင်းငွေများဖြင့် နိုင်ငံ၌ လုပ်ကိုင်စားသောက်ရန် တိုက်တွန်းပါကြောင်း၊ လူမှောင်ခိုကြောင့် ဖြစ်ပွားသည့် ရွှေ့ပြောင်းသွားလာမှုများကို တာဝန်ရှိသူများအနေဖြင့် ပြတ်ပြတ်သားသား အရေးယူတားမြစ်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ ထို့ပြင် ဝန်ကြီးချုပ်က မလေးရှားတွင် တရားမဝင် ဘင်္ဂလားဒေ့ရှ်အလုပ်သမား ခြောက်သိန်းခွဲနှင့် ဆော်ဒီအာရေဗျနိုင်ငံတွင် တရားမဝင် ဘင်္ဂလားဒေ့ရှ်အလုပ်သမား ရှစ်သိန်းကိုလည်း တရားဝင် အလုပ်သမားဖြစ်ရန် သက်ဆိုင်ရာအစိုးရနှင့် ညှိနှိုင်းဆွေးနွေးနေပါကြောင်း ပြောကြားသည်။

မြန်မာ့တပ်မတော်(ရေ) က မေ ၂၂ ရက်တွင် ကယ်ဆယ်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦးကို ဘင်္ဂလားဒေ့ရှ်အစိုးရက ပြန်လည်ခေါ်ယူသွားရန် အသင့်ရှိနေကြောင်း ယနေ့ထုတ် ဘင်္ဂလားဒေ့ရှ် အင်ဒီးပင်းဒင့်သတင်းစာ၏ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ကနဦး လုပ်ငန်းစဉ်အဖြစ် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် တက္ကနပ်ဖ်ဇုန်နယ်တပ်မှူးက သက်ဆိုင်ရာ မြန်မာအာဏာပိုင်များထံ စာတစ်စောင်ကို ယမန်နေ့က ပေးပို့ထားကြောင်း ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့အသိုင်းအဝိုင်းက ပြောကြားသည်။အဆိုပါစာတွင် ဘင်္ဂလားဒေ့ရှ်မှ အဆင့်မြင့်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကာ ၎င်းတို့၏ နိုင်ငံသားများအား စိစစ်အတည်ပြုပြီး ပြန်လည်ခေါ်ယူသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်ဟု ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ တက္ကနပ်ဖ်ဇုန်နယ်တပ်မှူး အဘူဇာက ဘင်္ဂလားဒေ့ရှ် အင်ဒီးပင်းဒင့် သတင်းစာသို့ ပြောကြားသည်။

မြန်မာနိုင်ငံက ကယ်ဆယ်ထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများသည် ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ဘာသာရေးကျောင်း အဆောက်အအုံတစ်ခုတွင် ရောက်ရှိနေကြကြောင်း၊ ၎င်းတို့အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဒေသဆိုင်ရာကိုယ်စားလှယ်များက စားနပ်ရိက္ခာများ ထောက်ပံ့ထားသည့် သတင်းများကို ရရှိထားကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့က အဆိုပါစခန်းသို့ လာရောက်ကြည့်ရှုခဲ့ကြောင်း၊ ကမ်းခြေစောင့်တပ် အုပ်ချုပ်ရေးအရာရှိ ဗိုလ်ကြီး ရှဟီဒူအစ္စလမ်က မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦးကို ပြန်လည်ခေါ်ဆောင်ရန် အမြန်ရေယာဉ် လေးစင်းကိုလည်း အဆင်သင့်ပြင်ထားကြောင်း ပြောသည်။



မေ ၂၂ ရက် နံနက်က မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းတွင် ငါးဖမ်းစက်လှေ နှစ်စင်းပေါ်၌ ပါလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦးကို မြန်မာ့တပ်မတော်(ရေ)က ကယ်ဆယ်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ် လူမျိုး ၃၀၀၀ ကျော်တို့သည် အချိန်အတော်ကြာအောင် သင်္ဘောနှင့် စက်လှေများဖြင့် မျောပါလာခဲ့ကြပြီး မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ရောက်ရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့ နိုင်ငံသားများကို ပြန်လည်ခေါ်ရန် အဆိုပါနိုင်ငံများနှင့် သံတမန်နည်းလမ်းအရ ဆက်သွယ်ဆောင်ရွက် လုပ်ကိုင်လျက်ရှိသည်။

**(The Independent/ BSS)**

# အုပ်ချုပ်ရေးနှင့် ပြုပြင်ပြောင်းလဲရေးမူဘောင်သည် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်အခြေခံအုတ်မြစ်ဖြစ်

**နေပြည်တော် မေ ၂၄**

အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြု အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ဆွေးနွေးပွဲ၌ နိုင်ငံတကာ အတွေ့အကြုံများနှင့် သင်ခန်းစာများကိုအခြေခံ၍ **နိုင်ငံ့ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး**ကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အုတ်မြစ်ဖြစ်သော ခေါင်းဆောင်မှုနှင့် အရည်အချင်းအရ ချီးမြှင့်မှုစနစ်၊ စွမ်းဆောင်ရည် စီမံခန့်ခွဲမှုစနစ်ကို မြှင့်တင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ကျင့်ဝတ်များကို ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်းတို့ကိုလည်းကောင်း၊ **ပြည်သူ့ဝန်ဆောင်မှု**ကဏ္ဍတွင် မူဝါဒအကောင်အထည်ဖော်ခြင်းနှင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှု၊ ရေတိုကာလအတွင်း ပြည်သူတို့၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မည့်ကိစ္စရပ်များကို လည်းကောင်း၊ **ဗဟိုဦးစီးစနစ်လျှော့ချခြင်း** ကဏ္ဍတွင် မြို့နယ်အဆင့် ဘဏ္ဍာရေးဝန်ဆောင်မှုမှတစ်ဆင့် ဗဟိုဦးစီးစနစ်လျှော့ချခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုဦးစီးစနစ်လျှော့ချခြင်းနှင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အောက်ခြေသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးခြင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် အခြားစီမံခန့်ခွဲနိုင်သော ရန်ပုံငွေများဖြင့် ဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း၊ **ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုရှိခြင်း**ကဏ္ဍတွင်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီမိုကရေစီနည်းကျသော တာဝန်ခံမှု၊ သတင်းအချက်အလက်ရယူခြင်းနှင့် ပြည်သူတို့၏တင်ပြတိုင်ကြားမှုဆိုင်ရာ လုပ်ငန်းစဉ်စနစ်တို့ကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အုပ်စုအလိုက်တစ်ပြိုင်တည်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အုပ်စုအလိုက် ဆွေးနွေးခြင်းများအပေါ် တွေ့ရှိချက်များကို ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာ အောင်ထွန်းသက်က အုပ်စုလိုက် အစီရင်ခံတင်ပြခြင်းအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးခင်မောင်အေးက မူဘောင်ရေးဆွဲရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နှစ်ရက်တာကာလအတွင်း အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်မှုအတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ (ARCC)ကိုယ်စား ကျေးဇူးတင်စကား ပြောကြားလိုပါကြောင်း။

အားလုံး ဆွေးနွေးခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှု၊ ဗဟိုဦးစီးစနစ် လျှော့ချခြင်းနှင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်းတို့သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွင် အဓိကအရေးပါသည့် အကြောင်းအရင်းများဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ဗဟိုဦးစီးစနစ်လျှော့ချခြင်းလုပ်ငန်းများကို ဟန်ချက်ညီညီဆောင်ရွက်ရန်လိုသလို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိမှသာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာမည် ဖြစ်ပါကြောင်း။

ယခုဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုချက်များကို အသုံးပြုပြီး နိုင်ငံတော်အဆင့်၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ်ကို အောင်အောင်မြင်မြင် ပူးပေါင်းရေးဆွဲနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုမူဘောင်သည် ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မဟာဗျူဟာမြောက် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါကြောင်း။

ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အနာဂတ် မျှော်မှန်းချက်ကို ရုပ်လုံးပေါ်လာစေရန် ပထမခြေလှမ်းတစ်ရပ်ဟု ဆိုနိုင်သလို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ် ချမှတ်ရေးပန်းတိုင်ကို ရောက်ရှိစေမည့် နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါကြောင်း။

မူဘောင်(မူကြမ်း) ပေါ်ထွက်လာရေးအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ဤမူဘောင်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုအတွက် မဟာဗျူဟာမြောက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သလို ပြုပြင်ပြောင်းလဲမှု တတိယလှိုင်း၏ မှတ်ကျောက်တစ်ခုလည်းဖြစ်သည်ကို အလေးအနက် ပြောကြားလိုပါကြောင်း၊ "အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုမူဘောင်" ထွက်ပေါ်လာခြင်းဖြင့် နိုင်ငံတော်၏ ကာလတို၊ ကာလလတ်နှင့် ကာလရှည် မျှော်မှန်းရလဒ်များ ရရှိအောင် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ လုပ်ဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးသည့် Monitoring and Evaluation လုပ်ငန်းစဉ်များ ပါဝင်မည်ဖြစ်သည့်အတွက် ရရှိလာသည့် တိုးတက်မှုများကို သတ်မှတ်ထားသည့် မျှော်မှန်းရလဒ်များနှင့် တိုက်ဆိုင်စစ်ဆေးသွားနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်ကို တခြားအမျိုးသားအဆင့် မဟာဗျူဟာများနှင့် ချိတ်ဆက်သွားမည်ဖြစ်သည့်အတွက် တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထိုမူဘောင်ကတစ်ဆင့် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းများကို နားလည်သိရှိပြီး ထောက်ပံ့ကူညီမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

၂၀၁၇ ခုနှစ် မေလ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးဆိုင်ရာ အကြံပြု အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဘောင်ရေးဆွဲရေးနှင့် ပတ်သက်၍ အခြေခံမှုများကို ရေးဆွဲနိုင်ခဲ့ကြောင်း၊ ဆွေးနွေးချက်များကို အခြေခံ၍ နောင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် လမ်းပြမြေပုံတစ်ခုကို အမြန်ဆုံးရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်သွင်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အုပ်ချုပ်ရေး ပြုပြင် ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြု အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

# ရန်ကုန်နည်းပညာတက္ကသိုလ်တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထူးအလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၄**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ယနေ့ နံနက် ၉ နာရီတွင် ရွှေတောင်အုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ဆောက်လုပ်လှူဒါန်းသည့် Human Resources Development Centre (YTU) R.C ကျောင်းဆောင်သစ် ခြောက်ထပ် အဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပသည်။

ပထမဦးစွာ Human Resources Development Centre (YTU) ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jarmo Kuuttila အဆင့်မြင့်နည်းပညာ တက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးညီလှငယ်၊ ရန်ကုန်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်နှင့် ရွှေတောင်အုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်ပြားအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကျောက်ပြားအား နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အဖွင့် အမှာစကားပြောကြားရာတွင် သိပ္ပံနှင့်နည်းပညာသည် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များတွင် အရေးပါသော အခန်းကဏ္ဍဖြစ်သည်နှင့်အညီ သိပ္ပံနှင့် အင်ဂျင်နီယာနယ်ပယ်တွင် အရင်းအမြစ်မျှဝေခြင်းနှင့် နည်းပညာဖလှယ်ခြင်းတို့သည် ASEAN တက္ကသိုလ်များအကြား လွန်စွာအရေးပါလျက်ရှိပါကြောင်း၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်သည် နိုင်ငံတော်၏ စက်မှုလုပ်ငန်းများကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အင်ဂျင်နီယာများနှင့် သုတေသီများကို မွေးထုတ်ပေးနေသော အဆင့်မြင့်နည်းပညာတက္ကသိုလ်တစ်ခုလည်း ဖြစ်ပါကြောင်း။

ရန်ကုန်နည်းပညာ တက္ကသိုလ်သည် မြန်မာနိုင်ငံရှိ ထင်ရှားသော နည်းပညာတက္ကသိုလ်တစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတကာ နည်းပညာတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်မည့် နည်းပညာဆိုင်ရာ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဤတက္ကသိုလ်တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Vasily B.Pospelov က ဝမ်းမြောက် စကားပြောကြားသည်။

ဆက်လက်၍ ရွှေတောင်အုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေတောင်အုပ်စုကုမ္ပဏီလီမိတက် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးအောင်သန်းက စာရွက်စာတမ်းနှင့် ကျောင်းဆောင်သစ်ကို ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်အား လွှဲပြောင်းပေးအပ်ခဲ့ပြီး ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က ရွှေတောင်အုပ်စုကုမ္ပဏီလီမိတက် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးအောင်သန်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။




အဆိုပါ Human Resources Development Centre (YTU) ကျောင်းဆောင်သစ် ခြောက်ထပ် အဆောက်အအုံသည် အလျား ၁၄၄ ပေ၊ အနံပေ ၅၀ ကျယ်ဝန်းပြီး ၃၉၈၃၇ စတုရန်းပေရှိသည်။ စာသင်ခန်း ၁၂ ခန်း၊ ရုံးခန်း ငါးခန်း၊ အစည်းအဝေးခန်း တစ်ခန်း၊ လူ ၃၀၀ ဆံ့ Assembly Hall တစ်ခန်းနှင့် သင်ကြားရေး အထောက်အကူပြု အခန်းများပါရှိပြီး ၁၃ ယောက်စီး ၁၀၀၀ Kg ဓာတ်လှေကား နှစ်စင်းလည်းပါဝင်ပြီး ဆောက်လုပ်လှူဒါန်းသည့် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့် တန်ဖိုးရှိပြီး အခြားအလှူရှင်များက အမေရိကန်ဒေါ်လာ နှစ်သောင်းငါးထောင်ငါးရာ့ခြောက်ဆယ် တန်ဖိုးခန့်ရှိသော ပရိဘောဂနှင့် Projector များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ-ကိုရီးယား နှစ်နိုင်ငံရိုးရာအကများ ဖျော်ဖြေပွဲကျင်းပမည်

**ရန်ကုန် မေ ၂၄။** မြန်မာ-ကိုရီးယား နိုင်ငံတို့၏ နှစ် ၄၀ ပြည့် သံတမန်ဆက်ဆံရေးအထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံရိုးရာအကများ၊ တေးဂီတသီဆိုဖျော်ဖြေမှု၊ ပြဇာတ်များဖျော်ဖြေပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ မေ ၂၆ ရက် ည ၇ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။အဆိုပါ တင်ဆက်ပွဲတွင် ကိုရီးယားနိုင်ငံ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်(KNUA) နှင့် ရန်ကုန်ယဉ်ကျေးမှု အနုပညာတက္ကသိုလ် (NUACY) တို့မှ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ကူညီပံ့ပိုးမှုအဖြစ် Daedong Industrical Co., Ltd.နှင့် Lotteria & Bulgogi Brother တို့က ပံ့ပိုးထားကြောင်း သိရသည်။ ရိုးရာကပွဲများကို စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## ဖြည့်စွက်ဖတ်ရှုပါရန်

မေ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွေ့ဆုံမေးမြန်းကဏ္ဍ၏ကော်လံ ၃ တွင်ပါရှိသည့် မုံရွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်စိုး အစား ဦးညွန့်စိုးဟူ၍လည်းကောင်း၊ လယ်တင်ကျေးရွာ အစား လယ်ဇင်ကျေးရွာဟူ၍လည်းကောင်း ဖြည့်စွက်ဖတ်ရှုပါရန်။

**စာရေးသူ**

# အပြောစကားပြေအစဉ်အလာ(၅)

**မောင်ခင်မင်(ဓနုဖြူ)**

"ကျစွာမင်းက တိုင်းသူပြည်သားတွေကို 'နင်' 'ငါ'သုံးပြီး တိုက်ရိုက်ပြောနေသလို ရေးထားတဲ့ အပြောစကားပြေအကြောင်းပြောရင်း တစ်ခုသတိရတာ ပြောရဦးမယ်ဗျ"

"ဆိုစမ်းပါဦးဗျာ"

"ပုဂံက လောကထိပ်ပန်ဆိုတဲ့ ဂူဘုရားရဲ့အတွင်းနံရံမှာ ဗုဒ္ဓဝင်တို့၊ ဇာတကတို့ထဲက ဇာတ်ကွက်တွေကို ပန်းချီပုံတွေဆွဲထားပြီး ပုံတွေကိုညွှန်းတဲ့ စာတွေလည်း မင်နဲ့ရေးထားတာရှိတယ်ဗျ။ လောကထိပ်ပန်မင်စာလို့ခေါ်တယ်"

"အေး. . . တို့ကြားဖူးပါတယ်"

"အဲဒီမင်စာတွေထဲက နှစ်ကျိပ်ရှစ်ဆူဘုရားတွေအကြောင်းမှာ ခင်ဗျားတို့ ကျွန်တော်တို့သိကြတဲ့ သုမေဓာဗျာဒိတ်ခန်းလည်းပါတယ်။ ဒီပင်္ကရာဘုရားရှင်က ဂေါတမဘုရားလောင်းသုမေဓာကို ဗျာဒိတ်ပေးတဲ့စကားကို ဘယ်လိုရေးထားတယ်ထင်သလဲ"

"ပြောပါဦးကွာ"

" 'ဂေါတမမည်သော ဘုရား နင်ဖြစ်အံ့' တဲ့ဗျ။ တိုက်ရိုက်ပြောတဲ့ဟန်အတိုင်း ရေးထားတာလေ"

"ဟုတ်လား၊ ရိုးလိုက်ရှင်းလိုက်တာနော်"

"ပုဂံခေတ်မှာ လူတွေပြောနေတဲ့ စကားအတိုင်း ရိုးရိုးရှင်းရှင်း ရေးထားတာပေါ့ဗျာ"

"ဟုတ်ပါပြီ။ ဆက်မေးရဦးမယ်။ အစတုန်းကတော့ အပြောစကားပြေ အရေးစကားပြေဆိုပြီး နှစ်မျိုးမကွဲဘဲနဲ့ နောက်တော့မှ ဘာဖြစ်လို့ကွဲလာရတာပါလိမ့်"

"မေးစရာပါပဲ။ ပညာရှင်တွေကတော့ အပြောနဲ့အရေးပြောင်းလဲတဲ့နှုန်းချင်းမတူလို့ ခုလိုကွဲပြားရတာလို့ဆိုတယ်ဗျ"

"ရှင်းစမ်းပါဦးကွာ"

"ဒီလိုလေ။ အရာရာပြောင်းလဲတတ်တဲ့ သဘာဝအတိုင်း နှစ်ပေါင်းကြာလာတဲ့အခါ အပြောရော၊ အရေးရော ပြောင်းလဲတတ်တာသဘာဝပဲ။ စောစောက ကျွန်တော်သာဓကပြတဲ့ ရာဇကုမာရ်လျှောက်ထားတဲ့စကားကိုပဲကြည့်ဗျာ။ ခု ကျွန်တော်တို့ ခင်ဗျားတို့ ပြောတာနဲ့ မတူတော့ဘူးမဟုတ်လား"

"ဟုတ်တယ်နော်။ ရှေးကရေးတဲ့ဇာတ်တော်ကြီးဝတ္ထုတွေထဲက ပြောစကားတွေလည်း ခုကျွန်တော်တို့ ပြောတဲ့စကားတွေနဲ့ မတူတော့ဘူးဗျ"

"ဒါ. . . သဘာဝပဲလေ။ မြန်မာစာ စပေါ်တဲ့ နှစ်တစ်ထောင်နီးပါးကာလမှာ အပြောလည်း ပြောင်းလဲတယ်။ အရေးလည်းပြောင်းလဲတယ်။ အပြောကတော့ ပါးစပ်ထဲက အသံတွေဆိုတော့ အပြောင်းမြန်တာပေါ့။ အရေးကတော့ ကျောက်ပြားတို့၊ ပေတို့၊ ပုရပိုက်တို့ပေါ်မှာ ရေးထားတာမို့စွဲမြဲနေတော့ အပြောလောက် အပြောင်းမမြန်ဘူးပေါ့။ ပြောင်းတော့ ပြောင်းတာပဲလေ။ အဲဒီလို အပြောနဲ့ အရေးဟာ ပြောင်းတဲ့နှုန်းချင်းမတူတော့ နှစ်တွေကြာလေလေ၊ အပြောနဲ့အရေးကြားမှာ ကွာခြားလာလေလေပေါ့ဗျာ။ ဥပမာပေးရရင် ကျွန်တော်တို့ငယ်ငယ်က တွက်ခဲ့ရတဲ့ သင်္ချာပုစ္ဆာလိုပဲ၊ မိုင်နှုန်းမတူတဲ့ ကားနှစ်စီးဟာ တစ်ဖက်တည်းကို ဦးတည်ပြီးမောင်းနေရင် ကြာလေကြာလေ ကားနှစ်စီး ဝေးသွားလေလေ ဖြစ်တာမျိုးပေါ့ဗျာ"

"စိတ်ဝင်စားစရာပဲနော်"

"ဆိုပါတော့။ အင်းဝခေတ်က စာတွေမှာ 'ဤသို့ဖြစ်ပေသည်'၊ 'ဟုတ်မှန်လေသည်' ဆိုတာမျိုး ဝါကျတွေကို 'သည်' နဲ့ဆုံးတာတွေ တွေ့ရတယ်။ ဘာဖြစ်လို့ 'သည်'လို့ ရေးသလဲလို့ စဉ်းစားကြည့်ရင် စကားပြောရာမှာလည်း 'ဤသို့ဖြစ်ပေသည်'၊ 'မှန်ပေသည်' ဆိုတာမျိုးပြောလို့ ရေးတော့လည်း အဲဒီလိုရေးတာဖြစ်တယ်လို့ စဉ်းစားကြည့်နိုင်တာပေါ့ဗျာ။ ပါးစပ်က 'သည်' လို့ပြောလို့ ရေးတော့လည်း 'သည်' လို့ရေးတာပေါ့။ ခုခေတ်ကျတော့ ဘယ်လိုဖြစ်နေပြီလဲ။ စာနဲ့ရေးရင်'သည်' ပဲ မပြောင်းသေးဘူး။ အပြောမှာတော့ 'တယ်'လို့ ပြောင်းနေပြီလေ။'ဟုတ်ပါပေတယ်'၊ 'မှန်ပါပေတယ်' လို့ဖြစ်နေပြီလေ။ အပြောမှာ 'သည်'ကနေ 'တယ်' ကို ပြောင်းလာပေမယ့် အရေးမှာ 'သည်'က လိုက်မပြောင်းတော့ အပြောနဲ့အရေး ကွဲပြားလာတာပေါ့။ ဒါသိသာတဲ့ ဥပမာတစ်ခုပါ"

" 'သည်'ကနေ 'တယ်'ကို ဘယ်လိုပြောင်းလာတာလဲကွ"

> **'ငယ်သူမို့ မသိပါ' ကို 'ငယ်သူ ဖြစ်သောကြောင့် မသိပါ' လို့ ရေးရမှာပေါ့။ 'ငယ်သောကြောင့် မသိပါ' လို့ ရေးရင်ရေးပေါ့။ ဒါပေမယ့် အဲဒီ 'မို့' ဟာ စာစကားက ပြောင်းလာတာမဟုတ်ဘဲ ပြောစကားထဲကို သီးသန့်ဝင်လာတဲ့ အင်မတန်ထိမိတဲ့ စကားလုံးကလေးပဲဆိုတာ**

"အညာဘက်မှာ 'ဟုတ်သယ်' 'မှန်သယ်'လို့ ပြောတာကြားဖူးမယ်ထင်တယ်။ အဲဒါ 'သည်' ကနေပြီး 'သယ်' ကိုပြောင်းတာပေါ့။ နောက်တော့ 'သယ်' ကနေ 'တယ်'ကို ပြောင်းလာတာပေါ့ဗျာ။ ပြောရာဆိုရာမှာ ပိုလွယ်အောင် အာထားလျှာထား ပြောင်းလာတဲ့သဘောပေါ့ဗျာ"

"ဟုတ်ပါပြီ"

"နောက်သာဓကတစ်ခု ပြောပါဦးမယ်။ 'နှင့်' ဆိုတဲ့ သဒ္ဒါစကားလုံးဟာ ရာဇကုမာရ် ကျောက်စာမှာကတည်းက သုံးတဲ့စကားလုံးပဲ။ 'ထိုပယ်မယားတန်ဆာနှင့်' လို့ သုံးတာတွေ့တယ်။ အတူပူးပေါင်းပါဝင်တဲ့ အဓိပ္ပာယ်ပေါ့။ အဲဒီ'နှင့်' ဟာ အခုကျတော့ 'နဲ့' ဖြစ်နေပြီလေ။ 'ခင်ဗျားနဲ့ ကျွန်တော်၊ စစ်နဲ့ငြိမ်းချမ်းရေး' ဆိုတာမျိုးသုံးနေပြီ။ အပြောမှာ'နှင့်' ကနေ 'နဲ့'ကို ပြောင်းပေမယ့် အရေးမှာ 'နှင့်' က လိုက်မပြောင်းတော့ အရေးမှာဆိုရင် 'နှင့်' အပြောမှာဆိုရင်'နဲ့' ဆိုပြီး ကွဲပြားနေတာ အထင်အရှားပဲ မဟုတ်လားဗျာ"

"အဲဒီလိုပြောင်းတဲ့ တခြားစကားလုံးတွေလည်း ရှိမှာပေါ့"

"ရှိပါတယ်။ အများကြီးပေါ့။ ရာဇကုမာရ်ကျောက်စာမှာပါတဲ့ 'ဤ' တို့ 'ထို' တို့ဟာ အခု 'ဒီ' တို့ 'ဟို'တို့ ဖြစ်နေပါပြီ။ 'ထိုမင်း၏ ပယ်မယား'ဆိုတာမျိုး ပိုင်ဆိုင်မှုပြတဲ့ '၏' ဟာ အခု 'ရဲ့' ဖြစ်နေပါပြီ။ 'ထွန်းထွန်းရဲ့စာအုပ်' ဆိုတာမျိုး ပြောင်းနေပါပြီ"

"ဟုတ်ပါပြီ'

"အဲဒီလိုပဲ၊ 'လာမည်'နဲ့'လာမယ်'၊ 'သူပင်'နဲ့ 'သူပဲ'၊ 'ဟုတ်သလော' နဲ့ 'ဟုတ်သလား'၊ 'သွားလျှင်' နဲ့ 'သွားရင်' ဆိုတာမျိုးပြောင်းတာတွေကတော့ အသံတဖြည်းဖြည်း ပြောင်းတဲ့သဘောပေါ့။ ပါးစပ်ထဲမှာ ပြောရင်းဆိုရင်း အသံတွေ ရွေ့သွားပြောင်းသွားတာပေါ့။ ဒါပေမယ့် အဲဒီလိုအရေးနဲ့ အပြောအသံချင်း ဆက်စပ်တာမျိုးမဟုတ်ဘဲ အရေးနဲ့အပြောကွဲပြားနေတဲ့ အသုံးတွေလည်း ရှိတယ်ဗျ"

"ဘယ်လိုအသုံးတွေပါလိမ့်ကွာ"

"အရေးမှာ 'ကျွန်တော်သည်'လို့ ရေးပြီးအပြောမှာ 'ကျွန်တော်ဟာ' လို့ ပြောတယ်မဟုတ်လား။ 'သည်' နဲ့ 'ဟာ' ကွဲပြားတာပေါ့။ ဒါပေမယ့် 'သည်' ကနေ 'ဟာ' ကိုအသံပြောင်းသွားတာမဟုတ်ဘူးလေ။ 'နှင့်'နဲ့ 'နဲ့'လို့ အသံချင်းအဆက်အစပ်ရှိတာ မဟုတ်ဘူး။ အဲဒီလိုပဲ 'လူများ' နဲ့ 'လူတွေ'၊ 'ဖြစ်သော်လည်း' နဲ့ 'ဖြစ်ပေမယ့်'၊ 'သွားရန်' နဲ့ 'သွားဖို့'၊ 'မကြာမီ' နဲ့ 'မကြာခင်' ဆိုတဲ့ သာဓကတွေကြည့်ရင် အရေးနဲ့အပြောကွဲပြားတဲ့ အဲဒီစကားလုံးတွေဟာ အသံချင်းမတူတာ မဆက်စပ်တာ အထင်အရှားပဲလေ။ အသံချင်းအဆက်အစပ်မရှိလို့ 'နှင့်' နဲ့ 'နဲ့' လို့အသံပြောင်းသွားတာမျိုးမဟုတ်ဘူး။ အပြောစကားအဖြစ်သုံးတဲ့စကားလုံးတွေ သက်သက်ပေါ်လာလို့ ဆိုရမယ်ထင်တယ်"

"ဟုတ်လား"

"သာဓကတစ်ခု သတိရလို့ ပြောမယ်။ မစန္ဒာရဲ့ 'ငယ် သူမို့မသိပါ' ဆိုတဲ့ ဝတ္ထုခေါင်းစဉ်မှာ 'မို့' ဆိုတာ အပြောမှာ သုံးတဲ့စကားဗျ၊ စာစကားမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဩော်. . . . အဲဒီ'မို့' ကို ခင်ဗျားတို့ကျွန်တော်တို့ စကားပြောတဲ့အခါ အများကြီးထည့်သုံးနေတာလေ။ 'သူက မိန်းမမို့ နုနယ်သိမ်မွေ့တာ'၊ 'ဒါကြောင့်မို့ပြောတာ'၊ 'သူကဘာမို့လဲ' ဆိုတဲ့ အသုံးမျိုးတွေ အများကြီးပဲ မဟုတ်လား၊ အဲဒီ'မို့' ကို အရေးဟန်နဲ့ပြောင်းရေးရင် ဘယ်လိုရေးသလဲ။ 'ငယ်သူမို့ မသိပါ' ကို 'ငယ်သူ ဖြစ်သောကြောင့် မသိပါ' လို့ ရေးရမှာပေါ့။ 'ငယ်သောကြောင့် မသိပါ' လို့ ရေးရင်ရေးပေါ့။ ဒါပေမယ့် အဲဒီ'မို့'ဟာ စာစကားက ပြောင်းလာတာမဟုတ်ဘဲ ပြောစကားထဲကို သီးသန့်ဝင်လာတဲ့ အင်မတန်ထိမိတဲ့ စကားလုံးကလေးပဲဆိုတာ သေချာတယ်"

"ဘယ်လိုဝင်လာတာပါလိမ့်"

"အဲဒီလို အပြောစကားထဲဝင်လာတဲ့ စကားလုံးတွေ ဘယ်တုန်းက ဘယ်လိုဝင်လာတယ်ဆိုတာကို လေ့လာဖော်ထုတ်စရာတွေ အများကြီးပေါ့ဗျာ"

"ကျွန်တော်လည်း တစ်ခုစဉ်းစားမိလို့ပါ။ စာလိုရေးရင် 'ကြောက်၍ငိုသည်' လို့ ရေးပေမယ့် အပြောလိုရေးရင် 'ကြောက်လို့ငိုတယ်'လို့ ရေးတယ်မဟုတ်လား။ အဲဒီမှာ '၍' နဲ့ 'လို့' ကွဲပြားတာဟာ 'နှင့်'နဲ့ 'နဲ့'လို အသံပြောင်းတာမျိုးမဟုတ်ဘဲ 'လို့'က အပြောစကားထဲကို သပ်သပ်ဝင်လာတာ ဖြစ်မှာပေါ့နော်"

"ဟုတ်တာပေါ့ဗျာ။ ဟုတ်ပါတယ်။ နောက်စိတ်ဝင်စားဖို့ကောင်းတာက အရေးစကားပြေမှာ မတွေ့ရဘဲ အပြောစကားပြေမှာပဲ တွေ့ရတဲ့စကားလုံးတွေလည်း ရှိသေးတယ်ဗျ"

"ဟုတ်လား။ ဘယ်လိုစကားလုံးတွေပါလိမ့်ဗျာ"

"ပြောတဲ့သူရဲ့သဘောထားတို့၊ ခံစားမှုတို့ပါအောင် ထည့်ပြောတဲ့စကားလုံးမျိုးတွေ ပေါ့ဗျာ။ ဆိုပါတော့။ 'မောင်မောင်' ဆိုတဲ့လူတစ်ယောက်ကို လှမ်းခေါ်တဲ့ စကားကို အပြောဟန်နဲ့ရေးရင် ဘယ်နှမျိုးရေးနိုင်တယ်ထင်သလဲ။ 'မောင်မောင်လာ'လို့ ပုံမှန်ရေးနိုင်သလို 'မောင်မောင်လာပါ၊ မောင်မောင်လာစမ်း၊ မောင်မောင်လာနော်၊ မောင်မောင်လာပေါ့၊ မောင်မောင်လာလေ၊ မောင်မောင်လာဆို၊ မောင်မောင်လာကွာ၊ မောင်မောင်လာကွယ်၊ မောင်မောင်လာဗျာ' ဆိုတာမျိုးတွေ အမျိုးမျိုးရေးနိုင်တယ်မဟုတ်လား။ 'လာ' နောက်က သုံးတဲ့စကားတွေက ခေါ်တဲ့သူရဲ့သဘောထားအမျိုးမျိုးကို ဖော်ပြနေတာမဟုတ်လား။ ယဉ်ယဉ်ကျေးကျေး ပြောတာလား၊ အပေါ်စီးက ပြောတာလား၊ ခိုင်မာအောင် အလေးအနက် ထပ်ပြောတာလား၊ သေချာအောင် အတည်ပြုပြောတာလား စသည်ဖြင့် သဘောထားအမျိုးမျိုးကို နောက်ဆုံးက စကားကလေးတွေက ဖော်ပြနေတယ်လေ။ အရေးစကားပြေအနေနဲ့ရေးရင် 'မောင်မောင်လာလော့၊ မောင်မောင် လာပါလော့' ဆိုတာလောက်ပဲ ရေးနိုင်မယ်ထင်တယ်နော်။ ခုန သဘောထားတွေပါအောင် အရေးစကားပြေနဲ့ ပြောင်းရေးဖို့မလွယ်ဘူးဗျ"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ"

"အပြောစကားပြေက လက်ရှိသုံးနေတဲ့၊ ရှင်သန်နေဆဲ စကားတွေမို့ စာထဲမှာကျန်ခဲ့တဲ့ အရေးစကားပြေထက် အများကြီးကြွယ်ဝပါတယ်ဗျာ။ ကဲ. . . နားကြဦးစို့"

---

# သဘာဝနယ်မြေများ သတ်မှတ်ဖွဲ့စည်းသွားမည်



နေပြည်တော် မေ ၂၄

**မြန်မာနိုင်ငံအတွင်း သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ သတ်မှတ်ဖွဲ့စည်းသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မေ ၂၂ ရက် နံနက် ၉ နာရီခွဲက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၌ ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ထည့်သွင်းပြောကြားသည်။** (ယာပုံ)

အမျိုးသား သစ်တောကဏ္ဍနှစ် ၃၀ ပင်မစီမံကိန်း၂၀၀၁-၂၀၃၀ ခုနှစ် ရည်မှန်းချက်အရ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ သတ်မှတ်ဖွဲ့စည်းသွားရန်၊ လက်ရှိတွင် သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ ၃၉ ခုရှိရာ ၉၆၁၃၉၄၁ ဒသမ ၂၀ ဧကရှိပြီး နိုင်ငံဧရိယာ၏ ၅ ဒသမ ၇၅ရာခိုင်နှုန်းရှိကြောင်း၊ ထပ်မံတိုးချဲ့ရန် ရည်ရွယ်ကြောင်း အဆိုပြုထားသည့် သဘာဝနယ်မြေခုနစ်ခုရှိရာ ၁၈၂၃၇၀၈ ဧကရှိပြီး နိုင်ငံဧရိယာ၏ ၁ ဒသမ ၀၉ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါ သဘာဝနယ်မြေများကိုပါ ထည့်သွင်း ဖွဲ့စည်းနိုင်မည်ဆိုပါက ၆ ဒသမ ၈၄ ရာခိုင်နှုန်း ရှိမည်ဖြစ်ကြောင်း၊ အင်းလေးကန်ဒေသကို ယူနက်စကို၏ အစီအစဉ်ဖြင့် လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ရေးကို လူသားနှင့် ဇီဝအဝန်း ကောင်စီသို့ အဆိုပြုတင်ပြထားကြောင်း ဒေါက်တာ ညီညီကျော်က ဆက်လက်ပြောကြားသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် သဘာဝနယ်မြေများ တည်ထောင်ခြင်းနှင့် တိုးချဲ့ဖွဲ့စည်းနိုင်ရေးလုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံရှိ မြင့်မားသော တောင်တန်းဒေသများတွင် ပင်လယ်ရေမျက်နှာပြင် အမြင့်အလိုက် အပင်စုဖွဲ့ တည်ရှိမှုအား ဇီဝဘူမိဆိုင်ရာ အချက်အလက်များမှတစ်ဆင့် သုတေသနပြုလေ့လာခြင်းလုပ်ငန်းများ၊ မြန်မာနိုင်ငံအတွင်း ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ လေ့လာသုတေသနပြုလုပ်ခြင်းများ၊ အာဆီယံအမွေအနှစ် ဥယျာဉ်များအတွင်း အသေးစားရန်ပုံငွေထောက်ပံ့မှုအစီအစဉ်များ စသည်တို့ကို ပြည်ပနိုင်ငံများနှင့် MoU များ ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းဆောင်ရွက်ရမယ့် တာဝန်တွေက အများကြီးရှိတဲ့အတွက် သစ်တောဦးစီးဌာန တစ်ခုတည်း၊ တစ်ဦး၊ တစ်ဖွဲ့တည်းနဲ့ ဆောင်ရွက်နိုင်ဖို့မလွယ်ပါဘူး၊ သက်ဆိုင်ရာဌာနတွေနဲ့ ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ပါမှ သတ်မှတ်ထားတဲ့ရည်မှန်းချက်ပန်းတိုင်ကို ရရှိမှာဖြစ်ပါတယ်၊ သစ်ခိုးထုတ်မှုတွေနဲ့ ပတ်သက်ပြီးလည်း ဖမ်းဆီးအရေးယူမှုတွေကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်းပင်တစ်ပင်ဖြစ်ဖို့ကို နှစ် ၃၀ ကျော်စောင့်ရတယ်။ အခုလို စည်းကမ်းမဲ့စွာ သစ်ခိုးထုတ်မှုတွေကြောင့် ကျွန်းပင်တစ်ပင်က မိနစ်အနည်းငယ်အတွင်းမှာပဲ ပျက်စီးခဲ့ရတယ်။ သစ်ခိုးထုတ်မှုတွေ ပပျောက်ဖို့၊ သဘာဝဇီဝမျိုးစုံမျိုးကွဲတွေကို ရေရှည်ထိန်းသိမ်းသွားနိုင်ဖို့ကို ဒေသခံတွေက သစ်ရဲ့တန်ဖိုးကို သိရှိနားလည်ခြင်း၊ သဘာဝနယ်မြေတွေရဲ့တန်ဖိုးတွေကိုသိရှိပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါလို့ ပြောကြားချင်ပါတယ်"ဟု စီမံခန့်ခွဲရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက ပြောသည်။

**သတင်း- ရူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ချစ်သမီး**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့ပေါ်စာသင်တိုက်များရှိ ကိုရင်အပါး ၃၀၀ နှင့် သီလရှင်အပါး ၅၀တို့အား ဆွမ်းနှင့်သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဝတ္ထုစသည့် လှူဖွယ်ပစ္စည်းများလှူဒါန်းပွဲကို မေ ၂၄ ရက်က မြို့လယ်ကျောင်းဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ဖားကုန်းကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်ပြီး စေတနာရှင်အလှူရှင်များ စုပေါင်းလောင်းလှူကြစဉ်။ မောင်လွင်(တပ်ကုန်း)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပို့

**နေပြည်တော် မေ ၂၅**

၂၀၁၅ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အာဂျင်တီးနား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟက်တာ တီမာမန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အချိန်ယှဉ်ပြင်ဆင်ထားသည်။ မြန်မာအမျိုးသားအသင်းသည် ၂၀၁၄ ခုနှစ်က (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ဆီးဂိမ်းပြိုင်ပွဲအတွက် အတွေ့အကြုံကောင်းများ ရရှိစေခဲ့သည်။

မြန်မာအမျိုးသမီးဘော်လီဘောအသင်းကို နည်းပြချုပ် ဦးလွှမ်းမိုး၊ လက်ထောက်နည်းပြ ဦးကျော်စိုးအောင်တို့က ကိုင်တွယ်လျက်ရှိသည်။ အမျိုးသမီးဘော်လီဘောအသင်းသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလက စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ စင်ကာပူလက်ရွေးစင်အသင်းနှင့်သာ လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ စင်ကာပူအမျိုးသမီးအသင်းသည် မတ်လအတွင်းက ရန်ကုန်မြို့သို့လာရောက်၍ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအမျိုးသမီးအသင်းမှာ ထိုင်း၊ စင်ကာပူအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး မြန်မာအမျိုးသားအသင်းမှာ အုပ်စု(က)တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ပြိုင်ပွဲဝင်မည့် မြန်မာဘော်လီဘော အမျိုးသားအသင်းတွင် နည်းပြချုပ် ဦးညီညီလွင်၊ လက်ထောက်နည်းပြ ဦးသိန်းဆွေနှင့် ဦးကျော်စွာဝင်း၊ ကစားသမားများအဖြစ် ဝင်းထွန်းဦး၊ ကျော်ကျော်ထွေး၊ အောင်သူ၊ ဒိုမေးနီကို၊ သွင်ထူးဇင်၊ ဇော်မျိုး၊ မင်းကျော်သူ၊ နေလင်းအောင်(၂)၊ ခွဲခြားမောင်၊ ဇော်ဝင်းလှိုင်နှင့် မျိုးမင်းဦးတို့ ပါဝင်ကြသည်။ အမျိုးသမီးအသင်းတွင် နည်းပြချုပ် ဦးလွှမ်းမိုး၊ လက်ထောက်နည်းပြ ဦးကျော်စိုးအောင်၊ ကစားသမားများအဖြစ် နီလာအေး၊ ဖြူသွယ်စိုး၊ ဥမ္မာသန်း၊ သီသီအောင်၊ အေးနန္ဒာမြင့်၊ ဇာဇာလှိုင်၊ စန်းစန်းဌေး၊ ခင်သက်ဝေ၊ ချိုချိုဝင်း၊ မိုးမိုးစန်း၊ ထက်ထက်လင်းနှင့် သန္တာခိုင်တို့ ပါဝင်ကြသည်။

# K- POP တေးဂီတအဖွဲ့ တတိယအကြိမ် လာရောက်ဖျော်ဖြေမည်

**ရန်ကုန် မေ ၂၄**

ကမ္ဘာ့လူငယ်များအကြား နာမည်ကြီးရေပန်းစား လူကြိုက်များသည့် ကိုရီးယားတေးဂီတ K-POP အဖွဲ့သည် မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် Myanmar Event Park ၌ ဇွန် ၁၆ ရက် ည ၆နာရီတွင် လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"ယခုလာရောက် ဖျော်ဖြေမယ့် K-POP အဖွဲ့အနက် အဖွဲ့ငါးဖွဲ့လာရောက်ဖျော်ဖြေမှာ ဖြစ်ပါတယ်။ ဒီပွဲကို ပြီးခဲ့တဲ့ ၂၀၁၅ ဇန်နဝါရီကတည်းက ကျင်းပဖို့စီစဉ်ခဲ့တာပါ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အခု ဇွန် ၁၆ ရက်မှ ပြုလုပ်ဖြစ်မှာဖြစ်ပါတယ်။ ဖျော်ဖြေပွဲ ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒီနှစ်ဟာ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ သံတမန်ချစ်ကြည်ရေး နှစ် (၄၀) ပြည့် အထိမ်းအမှတ်ဖြစ်တဲ့အတွက် မြန်မာပြည်သူတွေနဲ့ ကိုရီးယားပြည်သူတွေအကြား စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ အနုပညာပိုင်းကအစ ပို၍ ရင်းနှီးကျွမ်းဝင်မှုကို ရရှိစေပြီးပိုမိုဖွံ့ဖြိုးတိုးတက်ချင်လို့ ဖြစ်ပါတယ်" ဟု ပွဲဖြစ်မြောက်ရေးကို ဦးဆောင်သည့် Han Baek ၏ အမှုဆောင်အရာရှိချုပ် မစ္စတာအိုဘော့ဟွမ်က ပြောကြားသည်။

ယခု ကျင်းပမည့် K-POP တေးဂီတဖျော်ဖြေပွဲကို မြန်မာ-ကိုရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေးနှစ် (၄၀) ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပမည်ဖြစ်သည်။ လာရောက်ဖျော်ဖြေမည့် K-POP အဖွဲ့ ငါးဖွဲ့တွင် တေးဂီတချစ်လူငယ်များကြား ရေပန်းစားနေသည့် Ailee, BTS, HALO, A.Kor နှင့် N-Sonic အဖွဲ့တို့ ပါဝင်မည်ဖြစ်သည်။ အဆိုပါ K-POP တေးဂီတဖျော်ဖြေပွဲကို BBQ Chicken, Lotteria, Bulgogi Brothers, Myanmore Office နှင့် YKKO ဆိုင်ခွဲများရှိသည့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့၌ လက်မှတ်များကို မေ ၂၂ ရက်မှ စတင်ရောင်းချပေးပြီး လက်မှတ်ခနှုန်းထားများမှာ Gold VVIP တစ်စောင်လျှင် မြန်မာငွေကျပ်နှစ်သိန်း၊ SILVER VIP လက်မှတ်တစ်စောင်လျှင် မြန်မာငွေကျပ် တစ်သိန်းနှင့် Bronze လက်မှတ်တစ်စောင်လျှင် ငွေကျပ် ငါးသောင်းသတ်မှတ်ထားသော်လည်း ယခုလမကုန်ခင် ဝယ်ယူသူများကို ငွေကျပ်သုံးသောင်းနှုန်းဖြင့် Disscount လျှော့ ရောင်းချပေးမည်ဖြစ်သည်။ လက်မှတ်အရေအတွက်ကို ပရိသတ်တစ်သောင်းအထိသာ ကန့်သတ်ရောင်းချပေးမည်ဖြစ်ပြီး ယင်း K-POP တေးဂီတဖျော်ဖြေပွဲမှ ရရှိသည့် အမြတ်ငွေကို မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်များကို ထောက်ပံ့ကူညီ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ ယခင်က ကိုရီးယား K-POP တေးဂီတအဖွဲ့များ ဖျော်ဖြေမှုအဖြစ် ၂၀၁၄ ခုနှစ် ဧပြီလနှင့် စက်တင်ဘာလက နှစ်ကြိမ် လာရောက်ခဲ့ပြီး ယခု ဇွန် ၁၆ ရက် လာရောက်ဖျော်ဖြေမည့် K-POP အဖွဲ့ဝင် ငါးဖွဲ့မှာ တတိယအကြိမ် လာရောက်သည့်အဖွဲ့ဖြစ်သည်။ **မောင်စိန်လွင်**




ချယ်လ်ဆီးကစားသမားများ ချန်ပီယံဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။ (ပရီမီယာလိဂ်ပွဲစဉ် (၃၈) နောက်ဆုံးပွဲများကို အသင်းအားလုံး ယနေ့ညပိုင်းက တစ်ချိန်တည်း ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးတို့ ဆန်းဒါးလန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ရမှတ် ၈၇ မှတ်ဖြင့် ချန်ပီယံဆု ဆွတ်ခူးခဲ့သည်။)

## ပရီမီယာလိဂ် ပွဲစဉ်(၃၈) ရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| အာဆင်နယ် | ၄ -၁ | ဝက်ဘရွန်း | လက်စတာ | ၅-၁ | ကျူပီအာ |
| အက်စတွန်ဗီလာ | ၀-၁ | ဘန်လေ | မန်စီးတီး | ၂-၀ | ဆောက်သမ်တန် |
| ခရစ္စတယ်ပဲလေ့စ် | ၁-၀ | ဆွမ်ဆီး | နယူးကာဆယ် | ၂-၀ | ဝက်စ်ဟမ်း |
| အဲဗာတန် | ၀-၁ | စပါး | စတုတ်စီးတီး | ၆-၁ | လီဗာပူး |
| ဟားစီးတီး | ၀-၀ | မန်ယူ | | | |

သီဟ


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Bourne Drilling Rig Spare Parts | 1 Set | မြန်မာကျပ်ငွေ |
| (ခ) | DTH Hammer & Button Bit | 1 Set | မြန်မာကျပ်ငွေ |
| (ဂ) | Terrameter | 1 Set | မြန်မာကျပ်ငွေ |
| (ဃ) | Level Logger | 1 Set | မြန်မာကျပ်ငွေ |
| (င) | Hydrochemical Software | 1 Pac | မြန်မာကျပ်ငွေ |
| (စ) | Drilling Rig (Rotary Jet) | 1 No | မြန်မာကျပ်ငွေ |
| (ဆ) | Ø 4"&Ø 10" x 5.8m PVC Pipe | 85 Nos | မြန်မာကျပ်ငွေ |
| (ဇ) | ဓာတ်အားခွဲရုံအရန်ပစ္စည်းများ | 2 Sets | မြန်မာကျပ်ငွေ |
| (ဈ) | စက်ယန္တရားကြီးများနှင့်သယ်ပို့ယာဉ် အရန်ပစ္စည်းများ | 2 Sets | မြန်မာကျပ်ငွေ |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**ပိတ်ရက်နှင့်အချိန်** - ၂၂-၆-၂၀၁၅ ရက်၊ ၁၅:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)**
**ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ ရုံးအမှတ် (၅၀)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၃၀၈**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းဦးစီးဌာန**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | FQ(1)Machinery Spare Parts/ IRR/2015-2016 | Machinery Spare Parts | 1 Lot | USD |
| 2. | 2(Q)Survery Equipments/Local Purchase/IRR/2015-2016 | Survey Equipments | 1Lot | Kyat |
| 3. | 3(Q)Deformed Bar/Local Purchase/IRR/2015-2016 | Deformer Bar | 1Lot | Kyat |
| 4. | 4(Q)Battery/Local Purchase/IRR/2015-2016 | Battery | 1Lot | Kyat |
| 5. | 5(Q)Tyre/Local Purchase/IRR/2015-2016 | Tyre | 1Lot | Kyat |
| 6. | 6(Q)Lubricants/Local Purchase/IRR/2015-2016 | Lubricants | 1Lot | Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၁၆၊ ၀၆၇-၄၁၀၃၁၇**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၁၈၀၅၁၊ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရဦး ၁၄/ကကထ(နိုင်)၁၉၈၄၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၂၆၅၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၁၄/ပသန(နိုင်)၀၅၁၀၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၉၉၃၃၊ Kenbo 110 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင်လတ် ၁၄/ပသန(နိုင်)၂၀၈၅၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

# ရထားလာ၍ လမ်းကူးဂိတ်ပိတ်ထားစဉ် ယာဉ်လေးစီးဆင့်ကဲတိုက်မှုဖြစ်



**ရေတာရှည် မေ ၂၄**

မေ ၂၄ ရက် နံနက် ၄ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက် တစ်မိုင်ကျော်ရှိ ညောင်ပင်ကိုင်း ရထားလမ်းကူးအနီးတွင် ရထားဖြတ်သန်းနေစဉ် ရပ်တန့်ထားသော ယာဉ်အား (၁၂) ဘီးကုန်တင်ယာဉ်မှ အရှိန်လွန်၍ ဝင်ရောက်တိုက်မိရာ ယာဉ်လေးစီးဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြောက်ဘက် ညောင်ပင်ကိုင်းရထားလမ်းကူးဂိတ်ကို ရထားဖြတ်သန်းနေသည့်အတွက် ဂိတ်အားပိတ်ထားစဉ် ကုန်တင်ယာဉ်များ စီတန်းကာ ရပ်တန့်စောင့်ဆိုင်းနေချိန် ယာဉ်မောင်း အောင်မြင့်မြတ်(၃၈ နှစ် ) အေးသာယာရပ် တောင်ကြီးမြို့နေသူမောင်းနှင်သည့် 4D/----- FUSO (၁၂)ဘီးယာဉ်က အရှိန်လွန်ကာ ရှေ့တွင် ရပ်တန့်ထားသော 8H/-------AUMARK ခြောက်ဘီးယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။

ဆက်လက်၍ ရှေ့တွင်ရပ်ထားသည့် ၆င/-------ကင်တာခြောက်ဘီးယာဉ်၏ နောက်ပိုင်းကိုလည်းကောင်း၊ 8L/----ကင်တာခြောက်ဘီးယာဉ်အား လည်းကောင်း ဆင့်ကဲဆင့်ကဲ တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ကနဦးဆုံး အတိုက်ခံရသည့် 8H/ --- HUMARK ယာဉ်မောင်းသန်းဦးနှင့် ယာဉ်ပေါ်တွင် အတူတူလိုက်ပါလာသော ကျော်ဇင်မင်းတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိသွားခဲ့ပြီး ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုလွင်(ဆွာ)**

# တာချီလိတ်ခရိုင်အတွင်း မူးယစ်လေးမှု ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီး

**တာချီလိတ် မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်နှင့် ကျိုင်းလပ်မြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချသူနှင့် မူးယစ်ဆေးဝါးရှုရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ၂၄ နာရီအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၀၄)မှ ရဲအုပ်ဝင်းလှိုင် ဦးစီးအဖွဲ့ တပ်ဖွဲ့(၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးအဖွဲ့ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ယမ်းခမ်း (၁) ရွာ အမှတ်(၄၃)ရှိ လုံးရှုန်၏ နေအိမ်အား သတင်းအရဝင်ရောက်ရှာဖွေရာ နေအိမ်လှေကားထိပ်ရှိ အိမ်ကြမ်းပြင် အံ့ဝှက်အတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွဆေးပြား ၁၉၇၀ ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၄၉ ဒသမ ၂၅ သိန်းခန့်အား သိမ်းဆည်းရမိသည်။

အလားတူ နံနက် ၈ နာရီခွဲ က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝိန်းကျောက်ရပ်ကွက် တော်ကော့(အတွင်း)ရှိ ဦးလုံးကျန်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၂ ပြား၊ ကာလတန်ဖိုး ငွေကျပ် ၅၀၅၀၀၀ အား တွေ့ရှိသဖြင့် ၎င်းအား ဆက်လက်စစ်ဆေးခဲ့ရာ ၎င်း၏ထွက်ဆိုချက်အရ စိတ်ကြွဆေးပြားများ လာရောက်ပို့ဆောင်ရောင်းချသူ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဆန်ဆိုင်းကျေးရွာရှိ အိုက်ခမ်း၏ နေအိမ်အား ဝင်ရောက်စီးနင်းရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား ၁၁ ပြား ကာလတန်ဖိုး ငွေကျပ် ၂၇၅၀၀ အား တွေ့ရှိသဖြင့် တာချီလိတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဆက်လက်ပြီး ညနေ ၄ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် တာလေ-ကျိုင်းလပ်သွား ကားလမ်းမပေါ် မိုင်တိုင်အမှတ် ၂၄ ကီလိုတွင် ပိတ်ဆို့စစ်ဆေးရှာဖွေနေစဉ် ကျိုင်းလပ်ဘက်မှတာလေဘက်သို့ အိုက်နန်မောင်းနှင်ပြီး လုကာလိုက်ပါလာသည့် ၅၈/---- PAJERO အမျိုးအစား မော်တော်ယာဉ် ရှေ့ခန်း ဒက်ရှ်ဘုတ်အံ့ဝှက်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၈၀၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀ ကို တွေ့ရှိသဖြင့် ၎င်းတို့အား မိုင်းပါလျှိုးနယ်မြေရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# အခွန်တာဝန်ကျေပွန်သူ ကျေးဇူးတင်ကြ တို့ပြည်သူက

# ကျောက်စိမ်းလက်စွပ်နှင့် ကျောက်စိမ်းတုံး အရွယ်မျိုးစုံသိမ်းဆည်းရမိ

**နောင်ချို မေ ၂၄**

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးတင်ရဲဝင်း ဦးစီးသည့် လရ(ခ)ဌာနစုံ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့သည် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် မေ ၁၉ ရက်က မန္တလေးမှ မူဆယ်ဘက်သို့ မောင်းနှင်လာသော 3D/-----ယာဉ်ငယ်ကို ရပ်တန့်စစ်ဆေးရာယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသောကျောက်စိမ်းလက်ကောက် ၁၅ ကွင်း၊ ကျောက်စိမ်းတုံးအရွယ်မျိုးစုံ ၆၃၆ ကီလိုတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

အလားတူ မေ ၁၈ ရက်ကလည်း အဆိုပါပူးပေါင်းအဖွဲ့သည် 1G/---- ယာဉ်ငယ်ပေါ်မှ သိုဝှက်သယ်တင်ဆောင်လာသည့် ကျောက်စိမ်းမျိုးစုံ ၃၄၂ ကီလိုခန့် သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသောကျောက်စိမ်းတုံး၊ ကျောက်စိမ်းလက်ကောက်များကို အကောက်ခွန်အမှုတွဲဖွင့်လှစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဗဓ၁)**

# ဒိုက်ဦးမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ဒိုက်ဦး မေ ၂၄**

မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ဒိုက်ဦးမြို့နယ် ပွဲတမော့ကျေးရွာအုပ်စုသည် လင်းရောင်ခြည်ကျေးရွာနေ ဦးစံရင် (၅၈နှစ်)သည် ၎င်းနေအိမ်၌ တစ်ရွာတည်းနေ အေးမင်းအောင်(၄၂နှစ်) နှင့် အရက်အတူသောက်စားရာမှ စကားများရန်ဖြစ်စဉ် အေးမင်းအောင်က နေအိမ်တွင် အသင့်တွေ့ရှိသော ဝါးခုတ်ဓားမဖြင့် ခုတ်လိုက်ရာ ဦးစံရင်တွင် ဒဏ်ရာများရရှိပြီး လဲကျသေဆုံးခဲ့သည်။

ပြစ်မှုကျူးလွန်သူ အေးမင်းအောင်သည် သက်သေခံပစ္စည်းများကို ယူဆောင်ထွက်ပြေးသွားသဖြင့် ဦးအောင်ညွှန့် (၅၃နှစ်) လင်းရောင်ခြည်ကျေးရွာနေသူက တရားလိုပြုလုပ်တိုင်တန်းရာ ဖောင်တော်သီရဲတပ်ဖွဲ့စခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(iprd)**

# စားသောက်ဆိုင်အား စစ်ဆေးအရေးယူ

**မော်လမြိုင် မေ ၂၄**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေယုဆန်း၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မြိုင်သာယာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများပူးပေါင်းပါဝင်သောအဖွဲ့သည် အခကြေးငွေရယူ၍ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေကြောင်း သတင်းအရ မေ ၁၈ ရက် ည ၁ နာရီခန့်က မြိုင်သာယာရပ်ကွက်(၃)လမ်းနေ ဦးသိန်းစိုး စတိုင်သစ်စားသောက်ဆိုင်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးရာ အမျိုးသမီးနှစ်ဦး၊ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန် ရောက်ရှိလာသည့် အမျိုးသမီးငါးဦးနှင့် ဆိုင်မန်နေဂျာတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ စားသောက်ဆိုင်ရှိ အမျိုးသမီးခုနစ်ဦးနှင့် စတိုင်သစ်စားသောက်ဆိုင်ပိုင်ရှင် ဦးသိန်းစိုးနှင့် မန်နေဂျာ ချစ်ဝေဇော်တို့ကို မြိုင်သာယာရဲစခန်းမှအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၁၀၇)**


## ဝန်ထမ်းအမြန်အလိုရှိသည်

**Kinetic Myanmar Technology Co., Limited**

**အမှတ်(၇၉၇)၊ အခန်း 702-A, MAC Tower II, ဗိုလ်ချုပ်လမ်းနှင့်ဝါးတန်းလမ်းထောင့် လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ hrm. kinetic@gmail.com**

1. **Telecom Engineer** ကျား ၂၀ ဦး
2. **Electrical Engineer** ကျား ၁၀ ဦး

အမှတ်စဉ် ၁၊ ၂ အတွက် B.E, B.Tech, AGTI (EC, EP, IT, Mechatronic) ဘွဲ့ရဖြစ်ရမည်။

လုပ်ငန်းအတွေ့အကြုံမရှိသူများအား လိုအပ်သော Training များစီစဉ်ပေးမည်။

3. **Telecom Project Assistant** ကျား ၁၀ ဦး

ဘွဲ့တစ်ခုခုရရှိပြီး **Telecom** လုပ်ငန်းစိတ်ဝင်စားသူဖြစ်ရမည်။

4. **Civil Engineer** ကျား ၁၀ ဦး

B.E, B.Tech, AGTI (Civil) ဘွဲ့ရဖြစ်ရမည်။

လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူ ဦးစားပေးမည်။

5. **Network Engineer** ကျား ၁၀ ဦး

Networking အတွေ့အကြုံရှိပြီး CCNA အောင်မြင်ပြီးသူဖြစ်ရမည်။

6. **Safety Manager / Safety Officer** ကျား ၃ ဦး

ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။

7. HR Manager / Assistant Manager/ Executive ကျား/မ ၃ ဦး

HR ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

8. Chief Auditor ကျား/မ ၁ ဦး

သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်အထက်ရှိသူဖြစ်ရမည်။

9. Accountant (နေပြည်တော်ရုံးခွဲတွင် ခန့်ထားရန်) ကျား/မ ၁ ဦး

ငွေစာရင်းဆိုင်ရာ အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လေဘာကတ်ပြားမိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်နှင့် အောင်လက်မှတ်မိတ္တူများယူဆောင်၍ အထက်ပါလိပ်စာသို့ လူကိုယ်တိုင်(သို့)e-mail ဖြင့် ၁၀-၆-၂၀၁၅ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ လမ်းဦးစီးဌာန (ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| (၁) | ၆"-၉" | (၄) | ဘိလပ်မြေ |
| (၂) | ဘောလုံးကျောက် | (၅) | အုတ် |
| (၃) | ကျောက်စရစ် | (၆) | သဲ |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၆-၂၀၁၅ ရက် မွန်းလွဲ ၁၃:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၀-၆-၂၀၁၅ ရက် ညနေ ၁၅:၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး (ယခင်ခရိုင်အင်ဂျင်နီယာမှူးရုံး) သတ္တဌာနလမ်း၊ စစ်တွေမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို စစ်တွေခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၃-၂၁၀၆၅**




## (၃၁)ကြိမ်မြောက် (၄၅)ရက်တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက် မောင်းထောင်မြေဇင်းတောရတိုက်ခွဲ၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ၊ ဆရာတော် အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၄၅)ရက် တရားစခန်းကို (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) ၁၃-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၈နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့်ယောဂီများ ကြိုတင်စာရင်းပေး၍ ထိုနေ့ ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်**
**အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ**
**ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၁-၆၂၉၁၅၃၊ ၀၉-၂၀၃၃၃၄၄၊**
**၀၉-၇၃၀၃၅၇၅၇၊ ၀၉-၇၃၄၉၁၃၃၇**





# နတ်မောက်ကျောင်းကို စင်ကာပူ-မြန်မာ သက်မွေးပညာကျောင်းအဖြစ် ဖွင့်လှစ်ရန် စီစဉ်နေ


စင်ကာပူ-မြန်မာ သက်မွေးပညာဆိုင်ရာ လေ့ကျင့်ရေးကျောင်း ပြုပြင်တည်ဆောက်မည့် ပုံစံငယ်။

**ရန်ကုန် မေ ၂၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် စင်ကာပူသံရုံးတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခင်က လူသိများခဲ့သော နတ်မောက်ကျောင်းကို စင်ကာပူ-မြန်မာ သက်မွေးပညာရပ်ဆိုင်ရာ လေ့ကျင့်ရေးကျောင်းအဖြစ် ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်းနှင့် ယခုအခါ အကြီးစား ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စင်ကာပူ-မြန်မာ သက်မွေးပညာရပ်ဆိုင်ရာ လေ့ကျင့်ရေးကျောင်းကို စင်ကာပူအစိုးရက Developer အဖြစ်ဆောင်ရွက်ပြီး စီမံကိန်းမန်နေဂျာအဖြစ် Pinnacle Development and Engineering Co.,Ltd က ဆောင်ရွက်ကာ ကန်ထရိုက်တာအဖြစ် Changhla Asia Co.,Ltd က ဆောင်ရွက်နေကြောင်း သိရသည်။ ကျောင်းကို အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်မှု ပြီးစီးပါက ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဘာသာရပ်များ၊ အင်ဂျင်နီယာ ဘာသာရပ်များစသည့် အသက်မွေးပညာဆိုင်ရာ ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

> **အနာဂတ်တွင် စင်ကာပူနိုင်ငံ အသိအမှတ်ပြု ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရာ အဓိက သင်တန်းကျောင်းတစ်ခု ဖြစ်လာဖွယ်ရှိ . . .**

ကျောင်းဖွင့်လှစ်ပြီးပါက အနာဂတ်တွင် စင်ကာပူနိုင်ငံက အသိအမှတ်ပြုသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရာ အဓိကသင်တန်းကျောင်းတစ်ခု ဖြစ်လာဖွယ်ရှိနေသည်။

သီလဝါအထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်များကဲ့သို့ ကျွမ်းကျင်လုပ်သားများလိုအပ်နေသည့် နေရာများအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရာနေရာတစ်ခုလည်း ဖြစ်လာနိုင်သည်။

ထို့အပြင် ကျောင်းမှအောင်မြင်သောသူများအနေဖြင့် စင်ကာပူနိုင်ငံအသိအမှတ်ပြု ကျွမ်းကျင်လက်မှတ်များရရှိထားမည်ဖြစ်ရာ ပြည်တွင်းသာမက ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင်လည်း အခက်အခဲမရှိဘဲ လုပ်ကိုင်သွားနိုင်ဖွယ်ရှိသည်။

အဆိုပါ သင်တန်းကျောင်းဖွင့်လှစ်မည့် အချိန်ကို အတိအကျ မသိရသေးသော်လည်း မွမ်းမံပြင်ဆင်မှုများ ပြီးစီးသည့်နောက် မကြာမီ ကာလအတွင်း ကျောင်းသားများ စတင် လက်ခံသွားဖွယ်ရှိကြောင်းလည်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အစိုးရ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သဏ္ဍ**

# အထွက်နှုန်းကျဆင်းခြင်းကြောင့် ပြည်ပတင်ပို့သည့် ပဲဈေးနှုန်းများ မြင့်တက်လျက်ရှိ

**ရန်ကုန် မေ ၂၄**

ပြည်ပတင်ပို့မှု အားကောင်းလာသဖြင့် ယခုရက်အတွင်း မတ်ပဲဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း ပြည်ပတင်ပို့သူများထံမှ သိရသည်။

"တစ်ပတ်အတွင်း ဈေးနှုန်းတွေ အပြောင်းအလဲဖြစ်နေပါတယ်။ ပဲအထွက်နှုန်းကလည်း အနည်းငယ်ကျဆင်းမယ်လို့ ခန့်မှန်းရတာကြောင့် ဈေးတက်ရခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်နှင့်လုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပသို့တင်ပို့သည့် ပဲများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ဖြစ်ကြပြီး ပြည်တွင်းစားသုံးမှုမရှိသလောက်နည်းပါးကာ ပြည်ပတင်ပို့ရန်သာ အဓိကစိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည်။ ယခင်နှစ်က ဈေးနှုန်းကျဆင်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများက ပြည်ပပို့ပဲများကို စိုက်ပျိုးမှုအားကျဆင်းလာသဖြင့် ဈေးကွက်တွင် ကုန်စည်နည်းပါးနေခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

"သုံးရက်အတွင်းမှာ တစ်တန်ကို လေးသောင်းကနေ ငါးသောင်းကြား မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က တစ်တန်ကို ငွေကျပ် ၁၂သိန်းခွဲရှိတဲ့ မတ်ပဲအမျိုးအစားက အခုရက်မှာ ငွေကျပ် ၁၂သိန်း ရှစ်သောင်းကျော် ဖြစ်လာတယ်"ဟု မတ်ပဲတင်ပို့ရောင်းချသူ ကုန်သည် ဦးတင်မောင်ဦးက ပြောကြားသည်။

ပဲအထွက်နှုန်းကျဆင်းသဖြင့် ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာသော်လည်း အမှာရှိသလောက် တင်ပို့နိုင်ခြင်း မရှိပါက ဝယ်လက်ပျောက်ဆုံးနိုင်ကြောင်း၊ အဆိုပါ အခြေအနေကို မရောက်ရှိရန် ကုန်သည်များက စုပေါင်းထိန်းသိမ်းရန် လိုအပ်ကြောင်း အသင်းတာဝန်ရှိသူက ဆိုသည်။

ပြည်ပသို့ ပဲတင်ပို့မှုအနေဖြင့် ယခုဘဏ္ဍာရေးနှစ် တင်ပို့မှုမှာ ယခင်နှစ်တင်ပို့ရမှုထက် လျော့နည်းနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းထားသည်။ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁၃သိန်းအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ပဲအထွက်နှုန်းကျဆင်းမှုကြောင့် တင်ပို့မှုလည်း လျော့နည်းနိုင်မည်ဟု ကုန်သည်များက ခန့်မှန်းနေကြခြင်းဖြစ်သည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**




တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ
ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A ဘိုကလေးဈေးလမ်း၊
Ph: 202046, 392048, 256954

| BASIC ENGLISH SPEAKING | | |
| --- | --- | --- |
| 3:30 - 5 | (Mon – Thurs) | 25 May |
| 7:30 - 9 | (Mon – Thurs) | 27 May |
| 10-11:30 | (Mon – Thurs) | 17 Jun |
| 9 - 12:00 | (Sat + Sun) | 20 Jun |
| **BASIC FOUR SKILLS ENGLISH** | | |
| 10-11:30 | (Mon – Thurs) | 25 May |
| 7:30 - 9 | (Mon – Thurs) | 3 Jun |
| 1 - 4:00 | (Sat + Sun) | 6,20 Jun |
| 3:30 - 5 | (Mon – Thurs) | 8,10 Jun |
| 1 - 2:30 | (Mon – Thurs) | 10 Jun |
| **PRE-INTERMEDIATE (4-SKILL ENGLISH)** | | |
| 3:30 - 5 | (Mon – Thurs) | 27 May |
| 7:30 - 9 | (Mon – Thurs) | 3 Jun |
| 1 - 4:00 | (Sat + Sun) | 6 Jun |
| 10-11:30 | (Mon – Thurs) | 17 Jun |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 7:30 - 9 | (Mon – Thurs) | 27 May |
| 1 - 2:30 | (Mon – Thurs) | 1 Jun |

| VOCAB ENRICHMENT | | |
| --- | --- | --- |
| 1 - 2:30 | (Mon – Thurs) | 25 May |
| 10-11:30 | (Mon – Thurs) | 22 Jun |
| **BASIC GRAMMAR** | | |
| 7:30 - 9 | (Mon – Thurs) | 25 May |
| **BASIC WRITING** | | |
| 3:30 - 5 | (Mon – Thurs) | 26 May |
| **IELTS (Four Skills)** | | |
| 1 - 3:30 | (Mon – Thurs) | 1 Jun |
| **IELTS Exam Practice** | | |
| 3:30 - 5 | (Mon – Thurs) | 25 May |
| **IELTS (Speaking)** | | |
| 1 - 2:30 | (Mon – Thurs) | 8 Jun |
| **IELTS (Reading)** | | |
| 7:30-9:30 | (Mon – Thurs) | 15 Jun |
| **IELTS (Writing)** | | |
| 8 - 11:00 | (Sat + Sun) | 31 May |

Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

| BASIC ENGLISH SPEAKING | | |
| --- | --- | --- |
| 7:30 - 9 | (Mon – Thurs) | 10 Jun |
| 10-11:30 | (Mon – Thurs) | 22 Jun |
| **BASIC FOUR SKILLS ENGLISH** | | |
| 6 - 7:30 | (Mon – Thurs) | 27 May |
| 1 - 2:30 | (Mon – Thurs) | 3 Jun |
| 7:30 - 9 | (Mon– Thurs) | 10 Jun |
| 4:30-7:30 | (Sat + Sun) | 13 Jun |
| 3:30 - 5 | (Mon – Thurs) | 15 Jun |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
| --- | --- | --- |
| 7:30-10:30 | (Sat + Sun) | 27 Jun |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 12 - 3:00 | (Sat + Sun) | 17 May |
| **IELTS (Four Skills)** | | |
| 12:30 - 3:30 | (Sat + Sun) | 20 Jun |

ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်း ကလေးများအတွက် Level-၅ ဆင့်ခွဲ၍
ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
9:30 to 11:30 a.m.
Sat + Sun (တစ်ပတ် ၂ ရက်)
June 6 စပါမည်။



## Myanmar International Co-operation Agency (MICA)

### အကျိုးတူတန်ဖိုးသင့်အိမ်ရာများဆောက်လုပ်ရန်

### အဆိုပြုလွှာများခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ ယခင်ရွာသာကြီးဘက်စုံမွေးမြူရေးစခန်း၊ မြေနေရာရှိ မြေဧရိယာ ဇုန် A(၂၈ဒသမ ၇၀) ဧကပေါ်တွင် Myanmar International Co-operation Agency (MICA) နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ပထမအဆင့်အနေဖြင့် ဇုန် A(၂၈ဒသမ ၇၀)ဧကပေါ်တွင် (၈၈၈ပေ×၆၈၀ပေ) Wholesale Market (၁)လုံးနှင့် (ပေ ၃၀ × ပေ ၄၀) (၂)ထပ် (Shophouse) (၆၄)လုံးတို့အား ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆိုပြုလွှာတင်သွင်းသော လုပ်ငန်းရှင်များမှ လုပ်ငန်းတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းကို မတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ၁၀-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အဆိုပြုဈေးနှုန်းတင်သွင်းသွားရန်နှင့် အသေးစိတ်တွက်ချက်မှုများ (အတွင်း ရေ၊ မီး၊ မိလ္လာအပါအဝင် တစ်စတုရန်းပေ ဈေးနှုန်းနှင့် အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင် တစ်စတုရန်းပေ ဈေးနှုန်း)ဖြင့် ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**Myanmar International Co-operation Agency (MICA)**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**
**ရုံးအမှတ် (၃၆)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၂**



## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅/၄၀၈၆ ထရော်လာဂျီ $B_2$ အမည်ပေါက်ယာဉ်လက်ဝယ်ရှိသူ ဦးမြအေး ၁၄/လပတ(နိုင်)၁၃၂၃၉၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**



## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/8961 Toyota Probox NCP 51 အမည်ပေါက် ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်သူ ၁၂/မဂဒ(နိုင်)၁၀၉၆၉၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း-၃

တက္ကသိုလ်ဆရာတစ်ဦး

မကြာမီကျင်းပမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ကော်မရှင်)နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာပြီးနောက် ရပ်ကွက်/ ကျေးရွာအုပ်စုများအလိုက် မဲစာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ (ရပ်ကျေးကော်ခွဲ) အသီးသီးက ထုတ်ပြန်ကြေညာပေးမည် ဖြစ်ပါသည်။ (ထိုအခါ မဲဆန္ဒရှင်များအနေဖြင့် ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ဖြည့်စွက်/ပြင်ဆင်/ကန့်ကွက်ခြင်းများကို ဆောင်ရွက်နိုင်ကြပါသည်။) ဤသို့ ကြေညာသည့်အခါတွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများဖြစ်စေရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ အခြေခံမဲဆန္ဒရှင်စာရင်း ကွန်ပျူတာသွင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အသီးသီးတွင် အဆင့်လေးဆင့်ဖြင့် အင်တိုက်အားတိုက် ကြိုတင်ဆောင်ရွက်ခဲ့ကြပါသည်။

ပြုစုရရှိသည့် မဲစာရင်းများကို လေးကြိမ်ခွဲ၍ ထုတ်ပြန်ကြေညာပေးရန် စီစဉ်ထားရှိသည်နှင့်အညီ ပထမအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ် ၁၀မြို့နယ်တွင် (၃၀ - ၃ -၂၀၁၅)ရက်နေ့မှ (၁၂ - ၄ - ၂၀၁၅)ရက်နေ့ထိ ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာပေးခဲ့ပါသည်။ ဤသို့ ကြေညာခဲ့ရာတွင် မဲဆန္ဒရှင်များ မဲစာရင်းများကို လာရောက်ကြည့်ရှုစေရေးအတွက် ကော်မရှင်အနေဖြင့် ရုပ်သံ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်များမှ ဆော်သြခဲ့သည်သာမက အေးငြိမ်းရှေ့ဆောင်၊ ရောင်ခြည်သစ်၊ မြန်မာ့ဒီမိုကရေစီအင်စတီကျု၊ နယူးမြန်မာ ဖောင်ဒေးရှင်း၊ ဖန်တီးအိမ်၊ မြန်မာနိုင်ငံရှေ့နေများကွန်ရက်၊ ငြိမ်းချမ်းမျှတလူမှုဖွံ့ဖြိုးရေး၊ ကရင်အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၊ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေး လှုပ်ရှားဆောင်ရွက်ရေးအဖွဲ့၊ အောက်ချင်းလူမှုအဖွဲ့နှင့် ဒီမိုကရေစီအတွက် ပြည်သူတွဲလက်စသည့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၂ ဖွဲ့ကလည်း ပူးပေါင်းပါဝင်လှုံ့ဆော် ပေးခဲ့ကြပါသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အသီးသီးက ကောက်ယူထားသည့် စာရင်းများအရ မြို့နယ် (၁၀)မြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း (၂၄၇၇၆၆) ဦးရှိသည့်အနက် မဲဆန္ဒရှင် ၃၀၅၃၈ ဦးလာရောက်ကြည့်ရှုခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၃ သာရှိပါသည်။ ထို့ပြင် မဲစာရင်းတွင် အမည်မပါဝင်ခြင်းကြောင့် ပုံစံ (၃)ဖြင့် လျှောက်ထားသူ ၄၅၀၈ ဦး (၁. ၈၂%)၊ ကိုယ်ရေးအချက်များ မပြည့်စုံသဖြင့် ပုံစံ(၄-က)ဖြင့် လျှောက်ထားသူ ၂၉၄၄ ဦး (၁. ၁၉ %) နှင့် မပါဝင်သူများ ပါဝင်နေသဖြင့် ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၁၂၇၆ ဦး (၀. ၅၁ %) ရှိကြောင်း သိရှိရပါသည်။ ဖော်ပြပါ ကိန်းဂဏန်းများအရ မဲဆန္ဒရှင်များသည် မဲစာရင်းများအပေါ် စိတ်ဝင်စားမှုနည်းနေသေးကြောင်း တွေ့မြင်နိုင်ပါသည်။ တစ်နည်းအားဖြင့် လာမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲပေးရန် စိတ်ဝင်စားမှုနည်းနေကြသည်ဟု ကောက်ချက်ချမည်ဆိုပါက မမှားနိုင်ပါ။

ထို့ကြောင့် ကော်မရှင်သည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲအပေါ် ပိုမိုစိတ်ဝင်စားလာကြပြီး မဲပေးလိုသည့် ဆန္ဒများဖြစ်ပေါ်လာကာ မဲစာရင်းများ ထုတ်ပြန်ကြေညာသည့်အခါ ကြည့်ရှုသင့်ကြောင်း လက်ခံလာစေရေးအတွက် မဲဆန္ဒရှင်ပညာပေး (Voter Education) လုပ်ငန်းစဉ်များကို မီဒီယာပေါင်းစုံမှထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်နေသည်သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် မီဒီယာများ၏ ပူးပေါင်းပါဝင်ကူညီမှုရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မဲစာရင်းတွင် မိမိတို့အမည် ပါ/မပါ လွယ်ကူလျင်မြန်စွာ သိရှိနိုင်စေရေးအတွက် Online မှ ကြည့်ရှုနိုင်ရန် IFES (International Foundation for Election System) မှ IT ပညာရှင်များက ဆောင်ရွက်နေပါသည်။ မဲစာရင်းများ ထုတ်ပြန်ကြေညာပြီးသည့် ရန်ကုန်တိုင်းဒေသကြီးရှိ ၁၀ မြို့နယ်မှ



မဲစာရင်းများဖြင့် စမ်းသပ်မှုများပြုလုပ်လျက်ရှိရာ မကြာမီ လက်တွေ့ကြည့်ရှုနိုင်တော့မည် ဖြစ်ပါသည်။

အလျဉ်းသင့်၍ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဧပြီလနှင့် ဇူလိုင်လများက ကျင်းပခဲ့သော ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲများတွင် အထွေထွေရွေးကောက်ပွဲကော်မရှင် (The General Election Commission - Komisi Permilihan Umun - KPU) က နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူများ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားလာကြစေရန်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မှန်ကန်စွာ ရွေးချယ်တတ်စေရန် မဲဆန္ဒရှင်ပညာပေးရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြပုံများကို အကျဉ်းချုံး၍ ဖော်ပြလိုပါသည်။

စာရေးသူနှင့်အဖွဲ့သည် The Asia Foundation ၏ စီစဉ်ထောက်ပံ့မှုဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် (၂၆-၄-၂၀၁၅)ရက်နေ့မှ (၃၀-၄-၂၀၁၅)ရက်နေ့ထိ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများနှင့်ပတ်သက်၍ လေ့လာခွင့်ရရှိခဲ့ပါသည်။

အင်းဒိုနီးရှားနိုင်ငံတွင် ၉-၄-၂၀၁၄ ရက်နေ့က ကျင်းပခဲ့သော ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပေါင်း ၁၈၉၈၇၇၉၇၇ ဦး ရှိခဲ့ပြီး ၉-၇-၂၀၁၄ ရက်နေ့က ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပေါင်း ၁၉၀၃၀၇၁၃၄ ဦး ရှိခဲ့သည်။ မဲဆန္ဒရှင် အသက် သတ်မှတ်ချက်မှာ ၁၇ နှစ် ဖြစ်သည်။ သို့ရာတွင် အိမ်ထောင်ပြုပြီးသူများအား အသက် ၁၇ နှစ် မပြည့် (၁၆ နှစ် ပြည့်ပြီး) သေးသော်လည်း မဲပေးခွင့်ပြုသည်။ မဲဆန္ဒရှင်စုစုပေါင်း၏ သုံးပုံတစ်ပုံခန့်သည် အသက် ၁၆ နှစ်မှ ၂၀ အတွင်းရှိကြောင်း၊ ၎င်းတို့သည်လည်း ပထဦးဆုံးအကြိမ် မဲပေးရမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအပေါ် အခြားမဲဆန္ဒရှင်များထက် ပို၍ စိတ်ဝင်စားကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၉ ခုနှစ်က ကျင်းပခဲ့သော လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးမှုရာခိုင်နှုန်း ၉၃ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ၈၄ ရာခိုင်နှုန်းနှင့် ၂၀၀၉ ခုနှစ်တွင် ၇၁ ရာခိုင်နှုန်းသာရှိခဲ့သဖြင့် မဲပေးမှု (Voter Turnout) သိသာစွာ ကျဆင်းလာခြင်းကို ကော်မရှင်ကကုစားရန် နည်းလမ်းများ ရှာကြံခဲ့ပြီး မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် နည်းပေါင်းစုံသုံး၍ ဆောင်ရွက်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပြည်တွင်းမှ အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းစီစဉ် ဆောင်ရွက်ခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေမှာ ၂၅၂ သန်းဖြစ်ပြီး မိုဘိုင်းဖုန်းသုံးစွဲသူပေါင်း ၂၁၂ သန်းခန့်နှင့် facebook (fb) သုံးစွဲနေသူပေါင်း ၆၄ သန်းကျော်ရှိကြောင်း၊ မိုဘိုင်းဖုန်းသုံးစွဲသူများအနက် Smart phone သုံးစွဲသူ ၅၁ သန်းခန့်ရှိကြောင်း၊ သုံးစွဲသူအများစုသည်လည်း လူငယ်များဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ဝင်ရောက်အရွေးခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များ (CV)များနှင့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို Online တွင် တင်ပေးရန် စီစဉ်ခဲ့ကြကြောင်း၊ ဤအစီအစဉ်ကို The Asia Foundation ၏ ကူညီပံ့ပိုးမှုဖြင့် "ပါလူတမ်" (Perlutem) အရပ်ဘက်လူမှုအဖွဲ့အစည်းက အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ Onlineမှကြည့်ရှုရာတွင် Desktop၊ Laptop၊ Notebook၊ Tablet နှင့် မိုဘိုင်းဖုန်းများဖြင့် လွယ်လင့်တကူ ကြည့်ရှုနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ API (Application Programming Interface) များ ရေးဆွဲခဲ့ကြကြောင်း၊ အသင့်လျော်ဆုံး API များ ရရှိနိုင်ရန်နှင့် ပြည်သူလူထု၏ အာရုံစိုက်မှုရရှိစေရန် ရည်ရွယ်လျက် Hackathon ပြိုင်ပွဲကို "Code for Vote Hackathon" အမည်ဖြင့် ၂၀၁၄ ခုနှစ် မတ်လကကျင်းပပေးခဲ့ကြောင်း၊ ထိုပြိုင်ပွဲတွင် Developer ပေါင်း ၁၅၀ က ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ကိုယ်စားလှယ်လောင်းများဆိုင်ရာ အချက်အလက်များသာမက Trivia နှင့် Game များကိုပါ ထည့်သွင်းရေးဆွဲခဲ့ကြကြောင်း၊ အကောင်းဆုံး Applications (apps) လေးခုကို ဆုချီးမြှင့်ခဲ့ကြောင်း၊ ပထမပြိုင်ပွဲ၏ ကောင်းမွန်သည့် ရလဒ်များကြောင့် ဒုတိယအကြိမ် Hackathon ပြိုင်ပွဲကို "Code for Vote 2.0" အမည်ဖြင့် ၂၀၁၄ခုနှစ် ဇွန်လတွင် ထပ်မံကျင်းပခဲ့ရာ Developer ၃၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး Mobile and Web apps ပေါင်း ၁၀၄ခုကို ဖန်တီးနိုင်ခဲ့ကြောင်း၊ ဆုချီးမြှင့်ခြင်းအပါအဝင် အခြားကုန်ကျစရိတ်များကို အင်ဒိုနီးရှားရှိ Google က ထောက်ပံ့ပေးခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ဤသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် အထက်ဖော်ပြပါ ရွေးကောက်ပွဲများ ကျင်းပစဉ်ကာလ (၂၀၁၄ မတ်လမှ ဇူလိုင်လ)အတွင်း ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များအား posts, comments, shares, likes လုပ်သည့် အကြိမ်ပေါင်း သန်း၂၀၀ ကျော်ရှိကြောင်း၊ ၂၀၁၄ ဇန်နဝါရီလနှင့် ဩဂုတ်လအတွင်း ရွေးကောက်ပွဲဆိုင်ရာ tweets ပေါင်း ၉၅ သန်းကျော်ကို online တွင် တင်ပေး (posted)ခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၎င်းတို့၏ထုံးတမ်းအစဉ်အလာအရ အိမ်ထောင်စုတစ်စုတွင် အိမ်ထောင် ဦးစီးဖြစ်သည့် ခင်ပွန်းဖြစ်သူကသာ ဦးဆောင်လေ့ရှိကြောင်း၊ မဲပေးရာတွင်လည်း အမျိုးသမီးများသည် (အထူးသဖြင့် အောက်ခြေအလွှာရှိ အမျိုးသမီးများ) ၎င်းတို့၏ခင်ပွန်းသည် ရွေးချယ်ပေးသည့် ကိုယ်စားလှယ်လောင်းများကိုသာ မဲပေးလေ့ရှိကြောင်း၊ ထို့ကြောင့် အောက်ခြေအလွှာ - grassroot leve ရှိ အမျိုးသမီးများအား ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများရရှိပြီး ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို မှန်ကန်စွာ ရွေးချယ်နိုင်ရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများက ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ဂျကာတာအခြေစိုက် "Women's Solidarity" (Solidaritas Perempuam) အဖွဲ့အစည်းက အောက်ခြေအလွှာရှိ အမျိုးသမီးများအား ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများနှင့် အခြား ဗဟုသုတများ ကြွယ်ဝစေရေးအတွက် မြှင့်တင်ပေးရာတွင် The Asia Foundation က ကူညီထောက်ပံ့ခဲ့ကြောင်း၊ ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးရွာများရှိ အမျိုးသမီးများအား အစုအဖွဲ့များဖွဲ့စည်းပေးပြီး အဖွဲ့ဝင် ၂၀ ပါသည့် အစုတစ်ဖွဲ့လျှင် Facilitator နှစ်ဦးစီ ခန့်ထားပေးပြီးဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် ၂၀၁၄ ရွေးကောက်ပွဲများတွင် အောက်ခြေအမျိုးသမီးများ ရွေးကောက်ပွဲတွင်ပါဝင်မှု သိသာစွာတိုးတက်လာကြောင်း၊ ၎င်းတို့အနေဖြင့် ခင်ပွန်းသည်နှင့် ဆွေးနွေးတိုင်ပင်နိုင်သည့် အဆင့်သို့ ရောက်ရှိသွားကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စများသာမက အခြားရပ်ရွာကိစ္စများ၌ပါ ၎င်းတို့က ဦးဆောင်လာနိုင်ကြောင်း သိရှိခဲ့ရပါသည်။

စာရေးသူတို့အဖွဲ့သည် ဂျကာတာ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုရှိ အမျိုးသမီးအဖွဲ့ဝင်များနှင့်သွားရောက်တွေ့ဆုံမေးမြန်းဆွေးနွေးခွင့်ရရှိခဲ့ရာ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်မိမိ ယုံကြည်မှုရှိသည့် လက္ခဏာများပေါ်လွင်နေပြီး အင်ဒိုနီးရှား ရွေးကောက်ပွဲများနှင့် ပတ်သက်၍ စာရေးသူတို့ မေးမြန်းသည်များကို ကောင်းစွာ ဖြေကြားနိုင်သည်သာမက စာရေးသူတို့နိုင်ငံမှ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အကြောင်းအရာများကိုပါစိတ်ဝင်တစား မေးမြန်းကြသည်ကို တွေ့ရှိခဲ့ရပါသည်။ ဤသို့ အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးမှုရာခိုင်နှုန်း ၇၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ်နိုင်ငံလုံးမှ အခြေခံမဲဆန္ဒရှင်စာရင်းများကို လေးကြိမ်ခွဲ၍ ထုတ်ပြန် ကြေညာမည်ဖြစ်ရာ "ဒုတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် မေလ ၂၅ ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၈ရက်နေ့တွင်လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် လည်းကောင်း ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စတုတ္ထအကြိမ် ထုတ်ပြန်ကြေညာရာတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိမည့် မြို့နယ်အနည်းငယ်အနေဖြင့် ထိုသတ်မှတ်ချိန်ထက် နောက်ကျကောင်း နောက်ကျနိုင်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄ မြို့နယ် (ဒဂုံမြို့သစ် တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ထန်းတပင်)နှင့် နေပြည်တော် ကောင်စီနယ်မြေမှ ရှစ်မြို့နယ် (တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ)များတွင် ယခုလာမည့် ၂၅-၅-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၆ သို့*

**တစ်နိုင်ငံလုံးမှ အခြေခံမဲဆန္ဒရှင်စာရင်းများကို လေးကြိမ်ခွဲ၍ ထုတ်ပြန်ကြေညာမည်ဖြစ်ရာ "ဒုတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် မေလ ၂၅ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၈ရက်နေ့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် လည်းကောင်း ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

# လူသိနည်းသည့်ရတနာတစ်ပါး(သို့)Melo pearl (သို့) ခရုအုန်းအမြုတေ

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ပုလဲနှင့် အသွင်သဏ္ဌာန်တူ၍ ပင်လယ်ငါးဖမ်းလှေများတွင် ဖမ်းယူရရှိသည့် ခရုအုန်း(ခေါ်) အုန်းခရုတစ်မျိုးအတွင်းမှ ရရှိတတ်သည့် တန်ဖိုးကြီးမားသော ခရုအုန်းအမြုတေ ရတနာတစ်ပါး အကြောင်းကို သိသူ နည်းပေသည်။

ကမ္ဘာအရပ်ရပ်၌ ခရုမျိုးစိတ်ပေါင်း ၆၅၀၀၀ ကျော်ခန့်ရှိရာ (၁) ဂစ်စထရိုပဒါ၊ (၂) လမယ်လီဗရန်ကီးယား၊ (၃) ဆယ်ဖလော်ပဒါ၊ (၄) အမ်ဖီနျူရာ၊ (၅) စကက်ဖိုပဒါ ဟူ၍ ခရုအမျိုးအစား ငါးမျိုးရှိရာ ခရုအုန်း (သို့)အုန်းခရုသည် ဂစ်စထရိုပဒါ အမျိုးအစားတွင် ပါဝင်သည်။ ဂစ်စထရိုပဒါဟူသော ဝေါဟာရမှာ ဝမ်းဗိုက်ဖြင့် သွားလာသော သတ္တဝါမျိုးဟု အဓိပ္ပာယ်ရပေရာ ပက်ကျိနှင့် ရေချို၊ ရေငန်အပြင် ကုန်းပေါ်၌ တွေ့ရတတ်သည့် ခရုအမျိုးမျိုး ပါဝင်သည်။ အဆိုပါ အမျိုးအစား ခရုများသည် မိမိဝမ်းဗိုက်အရေပြားကို မြေပေါ်၌ တွန့်၍တွန့်၍ တစ်နေရာမှ တစ်နေရာသို့ တွားသွားတတ်ကြသည်။

ခရုအုန်း(သို့) အုန်းခရုသည် ပင်လယ်ကြမ်းပြင်တွင် ကျက်စားနေထိုင်သည့် ခရုတစ်မျိုးဖြစ်သည်။ အဆိုပါခရုသည် အခွံခွာထားသည့် အုန်းသီးသဏ္ဌာန်ရှိ၍ ခရုအုန်း(သို့) အုန်းခရုဟုဒေသခံများခေါ်ကြသည်။ အရောင်အဆင်းမှာ ဝါကျင်ကျင်အခွံမာပြီး အခွံပေါ်တွင် အစက်အပြောက်များ အနည်းငယ်ရှိသည်။ လုံးပတ်အချင်း ရှစ်လက်မမှ ၁၉ လက်မအထိ အသက်အရွယ်လိုက်၍ အရွယ်အစားအမျိုးမျိုးရှိသည်။ အခွံအတွင်းအသားမှာ အစင်းများပါရှိပြီး အသားကိုစားသုံးရန် အဓိကထားကြသည်။ ငါးဖမ်းပိုက်လှေများတွင် အခါအားလျော်စွာ ဖမ်းဆီးရမိသည့် အခြားငါးများနှင့်အတူ ပင်လယ်ကြမ်းပြင်မှတစ်ဆင့် ပိုက်အတွင်းဖမ်းဆီးရမိတတ်ကြသည်။ အသားကို ရေနွေးဖြင့်ပြုတ်၍ ပါးပါးလှီးကာသုပ်စားလေ့ရှိသည်။ ခရုအုန်းအသားသုပ်၏ အနေအထားနှင့်အရသာမှာ ဝက်နားရွက်သုပ်နှင့် ဆင်တူသည်။ ဟိုတယ်များတွင် ခရုအုန်းအသုပ်တစ်ပွဲလျှင် ငွေကျပ်သောင်းကျော်ခန့် ပေးရတတ်သည်။

ခရုအုန်း(သို့) အုန်းခရုအခွံကို ကနုကမာနည်းပညာဖြင့် လက်ဝတ်ရတနာသိမ်းဆည်းသည့်ဘူး၊ ဆေးလိပ်ဘူး၊ ဆေးလိပ်ပြာခံခွက်နှင့် အခြား အနုပညာမြောက် ပစ္စည်းပေါင်းများစွာ ဖန်တီးထုတ်လုပ်ကြသည်။ အတွင်းအသားထဲတွင် မုတ်ကောင်အတွင်း ပုလဲဖြစ်တည်သည့် ဖြစ်စဉ်ကဲ့သို့ သဘာဝအလျောက်ဖြစ်တည်နေသည့် Melo pearl ခရုအုန်းအမြုတေကို ရရှိတတ်သည်။ ဒေသခံများမှ ခရုအုန်းပုလဲဟုခေါ်ကြသည်။ ပုလဲပုံသဏ္ဌာန်မှာ လုံးဝန်းသည့်သဏ္ဌာန်နှင့် ကြက်ဥပုံသဏ္ဌာန် အတွေ့ရများသည်။ အရွယ်အစားအမျိုးမျိုး တွေ့ရတတ်သည်။ အထူးသဖြင့် မုတ်ကောင်မှရသည့်သဘာဝပုလဲ၏ အရွယ်အစားဖြင့် ရရှိလေ့ရှိသည်။ အရောင်အဆင်းမှာ ဝါကျင်ကျင်ရွှေအိုရောင်အဆင်းကဲ့သို့ရှိပြီး ပုလဲမျက်နှာပြင်ပေါ်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် အစင်းများ၊ အရစ်များ ပုံသဏ္ဌာန်အမျိုးမျိုး ကျစ်လျစ်သိပ်သည်းစွာ ဖြစ်တည်နေလေ့ရှိသည်ကို တွေ့ရတတ်သည်။

ခရုအုန်းပုလဲကို ခရုအုန်းအကောင်တိုင်းတွင် တွေ့ရလေ့မရှိဘဲ တစ်ခါတစ်ရံမှသာ ရရှိတတ်သည့် ရှားပါးစာရင်းဝင် ရတနာတစ်ပါးဖြစ်ရာ အရောင်အသွေးနှင့် အလေးချိန်ကိုလိုက်၍ ငွေကြေးတတ်နိုင်သူများ သိန်းရာချီပေး ဝယ်ယူတတ်ကြသည်။ အရှေ့အလယ်ပိုင်းဒေသများမှ သူဌေး၊ သူကြွယ်များ၊ ဥရောပနှင့် အမေရိကမှ ရတနာကုန်သည်များ ဈေးကြီးပေးဝယ်တတ်ကြသည်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများမှ ဂုဏ်သရေရှိ သူဌေးသူကြွယ်များ အဆောင်လက်စွပ်အဖြစ် ဆင်မြန်းလေ့ရှိကြောင်း သိရသည်။

အဆိုပါ ခရုအုန်းပုလဲရတနာအမြုတေသည် မြန်မာပြည် တောင်ဘက်ပိုင်း ပင်လယ်ရေနေသတ္တဝါအတွင်းမှ သဘာဝအလျောက် ရရှိတတ်သည့် အဖိုးတန်ရှားပါးရတနာအကြောင်းကို စာဖတ်သူများ ဗဟုသုတအဖြစ်သိရှိနိုင်ကြစေရန်လေ့လာရေးသားလိုက်ရခြင်းဖြစ်ပေသည်။

**ကျော်စိုး(iprd)**





## ပြည်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ပဲခူး မေ ၂၄**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ပြည်ခရိုင် တရားသူကြီး ဒေါ်အေးသိန်း၊ ဒုတိယ ခရိုင်တရားသူကြီး ဒေါ်ခင်သန့်ဇင်၊ ပြည်မြို့နယ်တရားသူကြီး ဒေါ်မြတ်ခိုင်ဝင်း၊ တွဲဖက်မြို့နယ်တရားသူကြီး ဦးသောင်းထွန်းတို့နှင့်အတူ မေ ၂၂ ရက် နံနက် ၉ နာရီက ပြည်မြို့ အကျဉ်းထောင်ကို သွားရောက်စစ်ဆေးခဲ့သည်။

ပြည်အကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်း၌ ပြည်အကျဉ်းထောင် တာဝန်ခံဦးစီးအရာရှိ ဦးခင်မောင်သွင်က ပြစ်ဒဏ်ကျခံနေရသူများ အချုပ်ခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံသူများ၏ အဆောင်များ၊ စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေး ခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ပြည်သူ့စာကြည့်တိုက်တွင် ပညာပေးလှုပ်ရှားမှုဆောင်ရွက်

**ရန်ကုန် မေ ၂၄**

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မေ ၂၀ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ပြည်သူ့စာကြည့်တိုက်ခန်းမတွင် သုတ/ရသစာအုပ်မျိုးစုံကို ပြည်သူများဖတ်ရှုနိုင်စေရန် ခင်းကျင်း၍ စာအုပ်ပြပွဲဆောင်ရွက်ခဲ့ကြောင်းနှင့် မည်သူမဆို အသင်းဝင်၍ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ **လှလှ**

## ဖောင်းဒီး ရေကျော်ချောင်းကူးတံတားဖွင့်

**မြောင်းမြ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကကလကျေးရွာ၊ ကာဝဲကျေးရွာနှင့် ကျေးရွာချင်းဆက် ဖောင်းဒီးရေကျော် ချောင်းကူးတံတားကို အလှူရှင်များနှင့် ကျေးရွာပြည်သူများမှ လှူဒါန်းငွေကျပ် သိန်း ၂၈၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ပြီး အဆိုပါတံတားဖွင့်ပွဲကို မေ ပထမပတ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောမြသိန်း၊ အလှူရှင် ဝါးခယ်မမြို့နယ် ဂုဏ်ထူးဆောင်နာယက ဒုတိယ ဗိုလ်မှူးကြီး (ငြိမ်း) ဦးအုံ့ကျော်၊ မြို့နယ်စီမံခန့်ခွဲမှုဉက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါတံတားမှာ အာရ်စီကွန်ကရစ်ဘေလီတံတားဖြစ်ပြီး အကျယ် ၁၂ ပေ၊ အလျား ပေ ၁၂၀ ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**

## လူငယ်မျိုးဆက်သစ်များကို သင်ကြားပြသပေးရမည့် ကိုယ်ရည်ကိုယ်သွေးပြည့်ဝသော နည်းပြများမွေးထုတ်

**ရန်ကုန် မေ ၂၄**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ၏ ရည်ရွယ်ချက်ဖြစ်သော နိုင်ငံအတွက် သွေးသစ်လောင်းနိုင်မည့် ထူးချွန်သော လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ကိုယ်ရည်ကိုယ်သွေးပြည့်ဝသောနည်းပြများကို မွေးထုတ်ပေးလျက်ရှိကြောင်း အားကစားဝန်ကြီးဌာန၏ မေ ၂၀ ရက် ညနေကကျင်းပသည့် (၁/၂၀၁၅) သင်တန်းဆင်းပွဲမှ သိရသည်။

"ဒီသင်တန်းက ၂၀၁၅ ခုနှစ်ရဲ့ အပတ်စဉ် (၁) ဖြစ်ပါတယ်။ ဒီသင်တန်းဖွင့်လှစ်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အတွက် ထူးချွန်တဲ့လူငယ်အားကစားသမားကောင်းတွေ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်သော အရည်အချင်းပြည့်ဝတဲ့ နည်းပြကောင်းတွေကို မွေးထုတ်ပေးတာဖြစ်တယ်။ ဒါမှ နိုင်ငံတော်ရဲ့ မျိုးဆက်သစ်အားကစားသမားကောင်း စဉ်ဆက်မပြတ်ပေါ်ထွက်လာမှာဖြစ်တယ်"ဟု အဆိုပါသင်တန်းဆင်းပွဲသို့ တက်ရောက်လာသည့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ပြောကြားသည်။ အဆိုပါ (၁/ ၂၀၁၅) သင်တန်းဆင်းပွဲသို့ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိုက်အောင်ဝင်း**

**စာမျက်နှာ ၁၅ မှ**

အခြေခံမဲဆန္ဒရှင်စာရင်းများကို ဖော်ပြပါ အစီအစဉ်များအတိုင်းကြေညာပြီးနောက် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကော်မရှင်ကကြေညာပြီးသည့်အချိန်တွင် မဲစာရင်းများကို ကော်မရှင်က သတ်မှတ်ပေးသည့်နေ့တွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံ၍ ကြေညာဦးမည် ဖြစ်ပါသည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့စဉ်က ၇-၁၁-၂၀၁၀ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ ၁၃-၈- ၂၀၁၀ ရက်နေ့က ကြေညာခဲ့ပြီးနောက် မဲစာရင်းများကို ၂၀-၉-၂၀၁၀ ရက်နေ့တွင် တစ်နိုင်ငံလုံး၌ ထုတ်ပြန်ကြေညာရန် ကော်မရှင်က သတ်မှတ် ပေးခဲ့ပါသည်။ (ကျင်းပမည့်ရက် ကြေညာပြီးနောက် ၃၇ ရက်)။ ထိုနည်းတူပင် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ၁-၄-၂၀၁၂ ရက်နေ့တွင် ကျင်းပမည့်အကြောင်း၊ ၂၉-၁၂-၂၀၁၁ ရက်နေ့က ကြေညာခဲ့ပြီးနောက် မဲစာရင်းများကို ၂၉-၂-၂၀၁၂ ရက်နေ့၌ တစ်နိုင်ငံလုံး ထုတ်ပြန်ကြေညာရန် ကော်မရှင်က သတ်မှတ်ပေးခဲ့ပါသည်။ (ကျင်းပမည့်ရက်ကြေညာပြီးနောက် ၆၂ ရက်)။ ထိုသို့ နောက်ဆုံးအကြိမ်ကြေညာရာတွင် ဖြည့်စွက်/ပြင်ဆင်/ကန့်ကွက်လိုသည့် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းများကပ်ထား ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး မဲဆန္ဒရှင်များအတွက် နောက်ဆုံးအခွင့်အရေးဖြစ်ခြင်းကြောင့် မဖြစ်မနေဆောင်ရွက်သင့်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်ပြီးမှ ကန့်ကွက်တောင်းဆိုမည့်သူများအား မည်သည့်နည်းနှင့်မျှ ထည့်သွင်းပေးနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မဲပေးရန် စိတ်ပိုင်းဖြတ်ပြီးသည့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ ရရှိထားသည့်အခွင့်အရေး လက်လွတ်မဆုံးရှုံးစေရန် မိမိအမည် မဲစာရင်းတွင် ကျိန်းသေပါဝင်စေရေးအတွက် ယခုကြိုတင်ကြေညာမည့် အခြေခံမဲဆန္ဒရှင် စာရင်းများကို သွားရောက်ကြည့်ရှုသင့်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိတို့၏ မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်စေရေးအတွက် မဲစာရင်းများ ကြည့်ရှုကြစေရန် စည်းရုံးဆော်သြခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုပေးခြင်း၊ ဖြည့်စွက်/ပြင်ဆင်/ကန့်ကွက်လွှာများကို ကူညီဖြည့်သွင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ကြပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိစေရန် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ပူးပေါင်းကူညီပေးရာလည်း ရောက်ပါသည်။

နိုင်ငံတကာမှ စိတ်ဝင်စားစွာ စောင့်ကြည့်နေသည့် လာမည့်ရွေးကောက်ပွဲကြီးသည် လွတ်လပ်၍တရားမျှတကြောင်း ပြသရာတွင် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ကြောင့် လာမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ရရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ (Stake-holder) အားလုံးပူးပေါင်းပါဝင် ကူညီကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။



တာချီလိတ်မြို့လယ်ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် နမ့်ယွန်းချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မိုးရာသီ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်း ဦးဆောင်သည့် တပ်မတော်သားများ၊ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်ဇင်နှင့် စည်ပင်သာယာရေးဌာနမှဝန်ထမ်းများ မေ ၂၃ ရက်က နမ့်ယွန်းချောင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ကြစဉ်။ မောင်ယဉ်ကျေး

**နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့**

## ရွှေတောင်မင်းသောက်သုံးရေကန်ကြီး ပြန်လည်တူးဖော်

**တောင်တွင်းကြီး မေ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မောင်းတိုင်(၂) ရပ်ကွက်ရှိ ဒေသခံပြည်သူများ အားထားအသုံးပြုနေသည့် ရွှေတောင်မင်းရေကန်ကြီးသည် သဲနုန်းများကြောင့် တိမ်ကောနေပြီး ကန်ပေါင်များလည်း နိမ့်ကျနေကာ သတ်မှတ်ပေအထိ ရေသိုလှောင်နိုင်စွမ်းမရှိတော့သဖြင့် နွေရာသီတွင် ရေများခန်းခြောက်ပြီး ရပ်ကွက်နေပြည်သူများ သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေရသည့်အတွက် မြို့နယ်ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် မေ ၂၂ ရက်က စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။

ရွှေတောင်မင်းရေကန်ကြီးသည် အလျား၊ အနံ ၃၀၀ ပေစီရှိပြီး ကန်တူးဖော်ခြင်းလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်းနှင့် ရေကန်တူးဖော်ပြီးစီးပါက မောင်းတိုင် (၂)ရပ်ကွက်ရှိ အိမ်ခြေ ၅၀၀ ကျော်မှ လူဦးရေ ၂၀၀၀ကျော်အတွက် လာမည့်နွေရာသီကာလများတွင် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ လူမှုရေးဝန်ကြီးဦးအောင်ကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေဌေးတို့က မေ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **နိုင်ဝင်း**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲ ကျင်းပ

**မင်းဘူး မေ ၂၄**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခရိုင်အဆင့် ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲကို မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၃ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ၊ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ် ကုသနိုင်တဲ့အရာ၊ မူးယစ်နွံတွင်းကျွံ၍ဆင်း သေမင်းအမြန်ခေါ် လိမ့်မည်၊ စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး၊ မူးယစ်ဆေးဆို ရှောင်ပါမနေး၊ ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကို ဝိုင်းကူစို့၊ မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက် ခေါင်းစဉ်များဖြင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများပါဝင်ခဲ့ပြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲကျင်းပမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်း၊ ခရိုင်ပညာရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



**ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် ပညာပေးရေးအစီအစဉ်အဖြစ် ဒုတိယအကြိမ် စုပေါင်းအမှိုက်ကောက်ခြင်းကို မေ ၂၃ ရက်က လုပ်ဆောင်ခဲ့ရာ မြို့ပေါ်ရှိလမ်းများတွင် စွန့်ပစ်ထားသောအမှိုက်များကို ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသိမ်းဆည်းနေစဉ်။**

နေဝင်းဇော်(မြန်အောင်)

## သတင်းတို

### တီးတိန်မြို့နယ်၌တံတားသစ်တည်ဆောက်

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် လမ်းဇန်-ကပ်တဲလ်- လိုးဆောက်လွီးတံတားကို တင်ဒါရရှိသော ထွမ်းဝုမ်းကုမ္ပဏီလီမိတက်က စတင်တည်ဆောက်လျက်ရှိသည်။ တံတားတည်ဆောက်ရေးလုပ်ငန်းစတင်ဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့် တာဝန်ရှိသူများက မေ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# ကလေးငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

**ပြည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းနယ်မြေ ရွှေလက်လှရပ်ကွက်၌ ကလေးငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(SVA)တို့ ပူးပေါင်းပြီး မေ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကလေးငယ်များ စာပေလေ့လာဖတ်ရှုမှုတွင် စိတ်ပါဝင်စားမှုရှိလာစေရန်အတွက် ရပ်ကွက်အတွင်းမှ ကလေးသူငယ် ၃၄ ဦးကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့မှ ဝန်ထမ်းများက ကလေးများစိတ်ဝင်စားဖွယ် ဟန်ပန်အမူအယာများဖြင့် SVA မှ လှူဒါန်းထားသည့် အရည်အသွေးမြင့် ရောင်စုံ နိုင်ငံတကာရုပ်ပြပုံပြင်စာအုပ်များကို ဖတ်ပြခြင်း၊ ပျော်ရွှင်ဖွယ်ရာ ကိုယ်လက်လှုပ်ရှား အားကစားနည်းများပြုလုပ်ခြင်းနှင့် ကလေးများစိတ်ကြိုက် စာအုပ်စာစောင်များဖတ်ရှုစေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ကလေးများ နှစ်ခြိုက်ပျော်ရွှင်ကာ စိတ်ဝင်စားမှုရှိခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်အတွင်းမှ ကလေးငယ်များ စာပေဖတ်ရှုမှုတွင် စိတ်ပါဝင်စားလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန်အတွက် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့်ပူးပေါင်း၍ ယင်းအဖွဲ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးသို့ လှူဒါန်းထားသော မိုဘိုင်းစာကြည့်တိုက် ဆိုင်ကယ်ဖြင့် ကလေးဖတ် စာအုပ်စာစောင်မျိုးစုံကို သယ်ဆောင်ကာ ခရိုင်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ကလေးသူငယ် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ခရိုင် ပြန်/ဆက်)**

# မိုးကြိုကာလတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ငါ့သရောက် မေ ၂၄**

လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များကို မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့၌ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက မေ ၂၃ ရက်တွင် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မိုးကြိုကာလများ၌ ဖြစ်ပေါ်လေ့ရှိသည့် လျှပ်စစ်အန္တရာယ်များကို ဒေသခံပြည်သူများသိရှိစေရန်နှင့် လျှပ်စစ်အန္တရာယ်နှင့် ကြုံတွေ့လာပါက ဘေးကင်းစွာ ကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်၍ လျှပ်စစ်အန္တရာယ်သတိပေးလက်ကမ်းစာစောင်များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းထိန်နှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက် လူစည်ကားရာနေရာများဖြစ်သော လက်ဖက်ရည်ဆိုင်များ၊ ဗိုလ်ချုပ်ဈေး၊ ငါ့သရောက်-မန်းကားဂိတ်၊ မြို့နယ်ဆေးရုံစသည့်နေရာများ၌ အခမဲ့ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

မိုးကြိုကာလများတွင် လျှပ်စစ်အန္တရာယ်သည် နေရာဒေသမရွေးဖြစ်ပေါ်လေ့ရှိရာ ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်များကို သိရှိပြီး သတိဖြင့်ကိုင်တွယ်အသုံးပြုခြင်းဖြင့် အသက်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းစေရန် ငါ့သရောက်မြို့နယ်အတွင်း ပြည်သူများပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းတစ်ရပ်အသွင်ဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များဖြန့်ဝေမှုကို မိုးကြိုကာလအတွင်း ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့်အချက်များ၊ ဘေးကင်းစွာကိုင်တွယ်အသုံးပြုရမည့်နည်းလမ်းများ သိရှိရသည့်အတွက် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ပို၍ဂရုစိုက်လာခြင်းဖြင့် လျှပ်စစ်အန္တရာယ်ကြောင့် မတော်တဆထိခိုက်မှုနှင့် အသက်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းစေမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(iprd)**

## ဟင်္သာတနှင့် ကျုံပျော် မြို့နယ်ချင်းဆက် တံတားသစ်ဖွင့်

**မြန်အောင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်နှင့် ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်တို့ကို ဆက်သွယ်သည့် မြို့နယ်ချင်းဆက်တံတားသစ်ဖြစ်သည့် အဝိုင်းကျောင်းစုတံတားကို ရှားခဲတိုက်နယ် အဝိုင်းကျောင်းစုကျေးရွာအုပ်စု၌ မေ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

တံတားသစ်ကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မန်းသန်းရွှေ၊ ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးစန်းဌေးနှင့် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သက်ရှည်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားသစ်သည် အလျားပေ ၁၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေ သံကူကွန်ကရစ်သစ်သားကြမ်းခင်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စည်သာရွှေသွေးကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားဆောက်လုပ်ပြီးစီးသည့်



အတွက် ဟင်္သာတမြို့နယ်နှင့် ကျုံပျော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်ခု၊ ကျေးရွာပေါင်း ၅၃ ရွာမှ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာစေမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဗိုလ်**

# လက်ရှိချန်ပီယံ ဆီဗီလာတို့ ဖလားကာကွယ်နိုင်ပါ့မလား



➤ ➤ မိုးမြင့်လင်းလက်

(၄၄)ကြိမ်မြောက် ယူရိုပါလိဂ်ဖလား ဗိုလ်လုပွဲကို မေ ၂၇ ရက်မှာ ပိုလန်နိုင်ငံ ဝါဆောမြို့မှာ ယူကရိန်းကလပ် ဒီနီပရိုနဲ့ စပိန်ကလပ် ဆီဗီလာတို့ ယှဉ်ပြိုင်ကစားတော့မှာ ဖြစ်ပါတယ်။ ယူရိုပါလိဂ်ဖလား လက်ရှိချန်ပီယံ ဆီဗီလာတို့အနေနဲ့ ဖလားကာကွယ်နိုင်ရေး ခြေကုန်ထုတ်မှာဖြစ်သလို ဒီနီပရိုတို့ကလည်း ယူရိုပါလိဂ်ဖလားကို ပထမအကြိမ် ဆွတ်ခူးနိုင်ဖို့အတွက် စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားပါလိမ့်မယ်။

နောက်ဆုံးဗိုလ်လုပွဲရောက် ဒီနှစ်သင်းရဲ့အနေအထားကိုကြည့်ရင် ဒီနီပရိုအသင်းဟာ ယူရိုပါလိဂ်ဖလားပြိုင်ပွဲရဲ့ အုပ်စု (F)မှာ ပါဝင်ခဲ့ပြီး အုပ်စုပွဲစဉ်တွေ ကစားပြီးချိန်မှာတော့ အုပ်စုဒုတိယနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်လာတာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်မှာ ဘရက်ကီအသင်းကို နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲတက်ရောက်ကာ အကြိုဗိုလ်လုပွဲမှာ နာပိုလီအသင်းကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလို့ အခုလို နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာတာဖြစ်ပါတယ်။ ဒီနီပရိုအသင်းကစားသမားတွေဟာ အုပ်စုပွဲကနေ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်လာတဲ့အထိ သွင်းဂိုး ကိုးဂိုး သွင်းယူထားနိုင်ခဲ့ပါတယ်။

ဒီနီပရိုအသင်းဟာ အသင်းလိုက်ကစားအားကောင်းပြီး လျင်မြန်မှုနဲ့ ကြံ့ခိုင်မှုတွေပေါင်းစပ်ကာ ပြိုင်ဘက်အသင်း ကစားကွက်တည်မရအောင် အားထုတ်နိုင်သူတွေဖြစ်တာမို့ လက်ရှိချန်ပီယံ ဆီဗီလာတို့ လွယ်ကူမှာတော့ မဟုတ်ပါဘူး။ ဒီနီပရိုတို့ရဲ့ ခံစစ်ကြောင်းကျစ်လျစ်မှုက ဆီဗီလာတိုက်စစ်မှူးတွေကို အခက်တွေ့စေမှာ ဖြစ်ပါတယ်။

လက်ရှိချန်ပီယံ ဆီဗီလာတို့ကတော့ ဒီနှစ်ယူရိုပါလိဂ်မှာ အုပ်စု(G)မှာ ပါဝင်ခဲ့ပြီး အုပ်စုပွဲစဉ်တွေကစားပြီးတဲ့အခါ အုပ်စုဒုတိယနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ ဇင်းနစ်အသင်းကို နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးရလဒ်နဲ့ အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်ရောက်လာခဲ့ပါတယ်။

ဆီဗီလာတို့ဟာ အကြိုဗိုလ်လုပွဲမှာ ဖီအိုရင်တီးနားနဲ့ ယှဉ်ပြိုင်ကစားတဲ့အခါ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးပြတ်နဲ့ နိုင်ပွဲရပြီး အခုလိုနောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ဆီဗီလာတို့ဟာ အုပ်စုပွဲကစပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်လာခဲ့တဲ့ပွဲတွေမှာ စုစုပေါင်း ၁၈ ဂိုးအထိ သွင်းယူထားနိုင်ခဲ့လို့ တိုက်စစ်စွမ်းရည်ကောင်းမွန်တဲ့အသင်း ဖြစ်ပါတယ်။

ဆီဗီလာရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်မှာ ရီးရဲမက်ဒရစ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးတဲ့ပွဲကလွဲပြီး ကျန်သုံးပွဲနိုင်၊ တစ်ပွဲသရေဖြစ်ထားတာမို့ ခြေစွမ်းပိုင်းဆိုးရွားမှုတော့ မရှိပါဘူး။ ဒီနီပရိုတို့ကတော့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်တွေမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။

နောက်ဆုံးဗိုလ်လုပွဲမှာ ခံစစ်လုံအောင် အခြေပြုကစားမယ့် ဒီနီပရိုတို့ဟာ တိုက်စစ်ဖွင့်ကစားမယ့် ဆီဗီလာတို့ကို အမှားအယွင်းမရှိ ထိန်းချုပ်နိုင်မလားဆိုတာ သံသယဝင်စရာပါပဲ။ ဒီပွဲမှာ လက်ရှိချန်ပီယံ ဆီဗီလာတို့ပဲ ယူရိုပါလိဂ်ဖလားကို ဆက်လက်သိမ်းပိုက်သွားဖို့ အခွင့်အရေးများနေပါတယ်။ ။

## မန်ယူမှာဆက်ရှိနိုင်တဲ့ ဒီဂီယာ

မန်ယူဂိုးသမား ဒီဂီယာရဲ့ အခြေအနေက မတည်မငြိမ်ဖြစ်နေဆဲပါ။ မကြာသေးမီက မန်ယူမှ စပိန်ကလပ်သို့ ထွက်ခွာနိုင်တယ်လို့ ပြောဆိုနေရာမှ နည်းပြဗန်ဟားလ်က မန်ယူမှာပဲဆက်ရှိနိုင်တယ်လို့ ပြောဆိုလိုက်ပြန်ပါပြီ။ ရီးရဲမက်ဒရစ်အနေနဲ့ မန်ယူနဲ့ တစ်ရာသီစာချုပ်ကုန်ဆုံးသွားတဲ့ ဒီဂီယာကို ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာအမှန်ပါ။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ဂိုးသမားဒီဂီယာဟာ မန်ယူနဲ့ အာဆင်နယ် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့တဲ့ပွဲမှာ ပရိသတ်ကို နှုတ်ဆက်ပြီးပါပြီ။ သို့ပေမယ့် နည်းပြဗန်ဟားလ်က ဒီဂီယာကို မန်ယူမှာ ဆက်ရှိဖို့ ယုံကြည်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ မန်ယူဟာ အသက် ၃၃ နှစ်အရွယ်ရှိတဲ့ စပိန်ဂိုးသမား ဗစ်တာဗဲလ်ဒက်စ်ကို ဇန်နဝါရီလအတွင်းက ဘာစီလိုနာအသင်းမှ ခေါ်ယူထားတာပါ။ ဒီဂီယာထွက် ခွာသွားမယ်ဆိုရင် ဗစ်တာဗဲလ်ဒက်စ်ကို အစားထိုးဖို့ မန်ယူက အသင့်ပြင်ဆင်ထားပါတယ်။ ဒီဂီယာဟာ ဒီနှစ်ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ဂိုးသမားဆုရခဲ့သလို မန်ယူရဲ့ အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိထားသူဖြစ်ပါတယ်။ မန်ယူ အောင်မြင်မှုပြန်လည်ရရှိအောင် ဂိုးသမားဒီဂီယာက အစွမ်းကုန်ကြိုးစားခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း နည်းပြဗန်ဟားလ်အနေနဲ့ ဒီဂီယာကို ဆက်လက်ခေါ်ယူထားဖို့ အစွမ်းကုန်ကြိုးစားနေတဲ့ အနေအထားရှိပါတယ်။ ဗန်ဟားလ်အနေနဲ့ကတော့ ဒီဂီယာကို မန်ယူမှာပဲ ဆက်လက်ကစားဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။



## မန်စီးတီးက ပေါင် ၄၅ သန်းနဲ့ ခေါ်ယူဖွယ်ရှိနေတဲ့ စတာလင်း




နည်းပြရော်ဂျာက စတာလင်းကို လီဗာပူးမှာပဲ ဆက်လက်ကစားဖို့ အပြင်းအထန်တောင်းဆိုနေတဲ့ကြားမှ မန်စီးတီးက ပေါင် ၄၅ သန်းနဲ့ စာချုပ်လိမ့်မယ်လို့ သတင်းများထွက်ပေါ်လာပါတယ်။ မန်စီးတီးက လာမယ့်နွေရာသီမှာ စတာလင်းကို အရခေါ်ယူသွားဖွယ်ရှိနေတယ်လို့ သတင်းများက ဖော်ပြပါတယ်။ သို့ပေမယ့် စတာလင်းကို ခေါ်ယူရာမှာ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့နဲ့အပြိုင် ပေါင် ၄၅ သန်းထက် ပိုပေးမှာမဟုတ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ လာမယ့် ကစားသမားအပြောင်းအရွှေ့ရာသီမှာ မန်စီးတီးအနေနဲ့ စတာလင်းကို စာချုပ်ဖို့ ရေပန်းအစားဆုံးအသင်းဖြစ်လာပါတယ်။ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ကလည်း အသင်းပြန်လည်တည်ဆောက်ရာမှာ စတာလင်းကို ခေါ်ယူဖို့ အပြိုင်ကြိုးစားနေကြတယ်လို့ ဆိုပါတယ်။ လီဗာပူးအနေနဲ့ စတာလင်းကို တစ်ပတ်ပေါင် ၁၀၀၀၀၀ ပေးပြီး ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် သူက ငြင်းဆိုခဲ့ပါတယ်။ သူက ငွေမလိုဘူး။ ဖလားနဲ့ အောင်မြင်မှုတွေသာလိုတယ်လို့ ဆိုပါတယ်။ ချန်ပီယံလိဂ်ကစားခွင့်ရထားတဲ့ မန်စီးတီးအသင်းအနေနဲ့ စတာလင်းကို အရခေါ်ယူမယ့် အနေအထားရှိပါတယ်။ စတာလင်းဟာ လီဗာပူးမှ ထွက်ခွာဖို့ ကြိုးစားနေပေမယ့် တစ်နှစ်တာလူငယ်အကောင်းဆုံး ကစားသမားဆုကိုတော့ ဒီနှစ်အတွက် လီဗာပူးက ပေးအပ်ခဲ့ပါတယ်။

## မော်ရင်ဟို ချယ်လ်ဆီးမှ ထွက်ခွာမည်မဟုတ်ဟုဆို

ကောင်းမြတ်သူ - စုစည်းသည်။

ယခုနှစ်ရဲ့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့တဲ့ နည်းပြမော်ရင်ဟိုက သူ့အနေနဲ့ ဆန္ဒအလျောက် ချယ်လ်ဆီးအသင်းမှ ထွက်ခွာသွားမှာမဟုတ်ပေမယ့် အခြားပရီမီယာလိဂ်ကလပ်တစ်ခုသို့ ပြောင်းရွှေ့ဖို့ပြင်ဆင်ထားတယ်လို့ ပြောဆိုလိုက်ပါတယ်။ အသက် ၅၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မော်ရင်ဟိုဟာ ၂၀၁၃ ခုနှစ်မှာ ချယ်လ်ဆီးကို ဒုတိယအကြိမ် ပြန်လည်ကိုင်တွယ်ပြီး ဖလားဆွတ်ခူးပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ သူဟာ ၂၀၀၄ မှ ၂၀၀၇ ခုနှစ်အတွင်း ချယ်လ်ဆီးကို ကိုင်တွယ်စဉ်ကလည်း ဖလားဆွတ်ခူးပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြားပရီမီယာလိဂ်ကလပ်တစ်ခုကိုတော့ ပြောင်းရွှေ့ဖို့ရှိပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးနဲ့ မစ္စတာအေဘရာဗိုဗစ်ရဲ့လက်ထဲက ရုန်းထွက်ဖို့မလွယ်ပါဘူးလို့ မော်ရင်ဟိုက ဆိုပါတယ်။ ပေါ်တူဂီနိုင်ငံသား မော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးအသင်းကို ဖလားရအောင် ကြိုးပမ်းပေးနိုင်ခဲ့တဲ့အတွက် ယခုနှစ်ရဲ့ အကောင်းဆုံးနည်းပြဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။



# တစ်နှစ်အတွင်း တရားမဝင်သစ် တန် ၂၃၀ ကျော် ဖမ်းဆီးရမိ

**ပုလဲ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ်မျိုးစုံ အလေးချိန် တန် ၂၃၀ ကျော်နှင့် မော်တော်ယာဉ် ၁၇ စီးကို ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချ၍ ကာကွယ်ဖမ်းဆီးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ် ၂၃၂ ဒသမ ၉၂၇ တန်၊ ဆက်စပ်မော်တော်ယာဉ် ၁၇ စီးနှင့် တရားခံ ၃၁ ဦးကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ပုလဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဟိန်းက ပြောသည်။

ဖမ်းဆီးရမိသော တရားမဝင်သစ်များမှာ ကျွန်းသစ် ၂၆ လုံး(၅ ဒသမ ၁၉၂ တန်)၊ ကျွန်းခွဲသား ၉၇၈ ချောင်း(၃၆ ဒသမ ၁၀၇တန်)၊ သစ်မာ ၁၇၅ လုံး(၅၀ ဒသမ ၆၂၂တန်)၊ သစ်မာခွဲသား ၁၂၈၈ ချောင်း(၁၀၁ ဒသမ ၀၂၈၂ တန်)၊ အခြားသစ် ၉၅ လုံး(၂၀ ဒသမ ၇၂၆တန်)၊ အခြားသစ်ခွဲသား ၃၃၀ ချောင်း(၁၉ ဒသမ ၂၅၁၈တန်) ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် သစ်တောဦးစီးဌာနသည် မြို့နယ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ ပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ဖမ်းဆီးအရေးယူခြင်းများကိုလည်း အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



**ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဗုဒ္ဓသာသနာနှင့် ရှမ်းလူမျိုးစု ထိန်းသိမ်းမြှင့်တင်ရေး သံဃာတော်များအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ဦးစီး၍ ဗန်းမော်ခရိုင်လုံးဆိုင်ရာ ရှမ်းဘာသာ ဗုဒ္ဓယဉ်ကျေးမှု ပထမအကြိမ် စာမေးပွဲကို မေ ၂၂ ရက်က နောင်ခိုရပ်ကွက် ရှမ်းကျောင်းဓမ္မာရုံ၌ ကျင်းပရာ ဗန်းမော်၊ မိုးမောက်၊ မန်စီနှင့် ရွှေကူမြို့နယ်များမှ ရှမ်းမျိုးနွယ်စုဝင် လူငယ်မောင်မယ် ၁၀၂ ဦး ဝင်ရောက်ဖြေဆိုနေစဉ်။**

ဝါဝါ(ဗန်းမော်)

# ကွန်ပျူတာနှင့် နိုင်ငံခြားဘာသာပညာရပ် အခမဲ့သင်တန်း ဆင်းပွဲကျင်းပ

**မင်းကင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် မောက်တက်ကျေးရွာ အောင်စည်ပြည်တည်ကျောင်းတိုက်မှ ဆရာတော်များ ဦးစီးဖွင့်လှစ်သည့် ကွန်ပျူတာနှင့် နိုင်ငံခြားဘာသာပညာရပ် အခမဲ့သင်တန်းဆင်းပွဲကို မေ ၂၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၇ ဦးအား ကွန်ပျူတာနှင့် နိုင်ငံခြားဘာသာပညာရပ်များဖြစ်သည့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယားဘာသာရပ်လေးမျိုးကို သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကို ၄၅ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းဦးစီးနာယကဆရာတော်က ဩဝါဒစကားမြွက်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွန်းအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မေသက်နွယ်တို့က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဦးစီးနာယက ဆရာတော်၊ သင်တန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဆရာတော်နှင့် သင်တန်းဆရာ ဆရာမများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**ချင်းတွင်းသား(iprd)**

## သတင်းတို

### ကျေးရွာစာကြည့်တိုက်သို့စာအုပ်များလှူဒါန်း

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ရေး၊ ကျေးလက်နေပြည်သူလူထု စာပေဖတ်ရှုသည့် အလေ့အကျင့်များ ရရှိစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မေ ၁၉ ရက်က မယ်ဇလီမြိုင်ကျေးရွာ စာကြည့်တိုက်၌ ကျင်းပခဲ့ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလုံးနန္ဒက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမျိုးညွန့်ရွှေက ဘဝအဆင့်တိုးတက်မြင့်မားရေး ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကာ ကျေးရွာစာကြည့်တိုက်အတွက် ဝတ္ထု၊ မဂ္ဂဇင်း၊ ကာတွန်း စသည့် စာအုပ်မျိုးစုံကို စာကြည့်တိုက်တာဝန်ခံ ဦးအောင်ခိုင်စိုးထံ ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**


ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ ဇွန်လ၊ ၂၀-၂၁၊ (၄၈)ကြိမ်မြောက် မျက်စိခွဲစိတ်နှစ်သစ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

(Account No. 007-50100701690301)

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။

TMR

Certificate TH09/3125

ISO 9001:2008 နှင့် GMP

Certificate TH06/3966.01

WISE College ရှိ နိုင်ငံတကာအသိအမှတ်ပြု ABE (UK) မှ တိုက်ရိုက်ချီးမြှင့်သော Business Management Diploma

Jun 2015 သင်တန်းများအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

Business Management ဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ် ABE (UK) Diploma သင်တန်းများကို WISE College တွင် တက်ရောက်နိုင်ပါသည်။

1. Business Management Higher Diploma

Higher Diploma (Part-1)

Higher Diploma (Part-2)

7 သိန်း + 20% ~ 25% off

Level -4 Diploma

Enroll 1 Get 3 Diplomas

Business Management Diploma (၂) ခုကိုလည်း 100% off

2. Business Management Graduate Diploma

Level-5 Diploma

Diploma (UK, Australia, etc...)

BA Final Year (သို့) MBA 1st Year

WISE College (1009 A/B) 11 May 2015

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

(၁၃၉၉) ၁၀၀၀၀ ကျပ် ၁၂၀၀၀ ကျပ်

ဖခင်အမည်မှန်

အမည်ပြောင်းနှင့်ဖခင်အမည်မှန်

ကမ္ဘာ့အဖိုးတန်သစ်မွှေး စိုက်နည်း၊ မျိုးနည်း

09-5117226

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၄၁၉၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို
အောင်မြင်အောင် တည်ထောင်လိုပါသလား

FT Consulting

ယခုပင် FT Consulting နှင့်ဆက်သွယ်လိုက်ပါ


FT Consulting မှကြီးမှူးကာ ၂၀၁၅ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် နံနက် (၉) နာရီမှ စတင်ပြီး Franchising (နာမည်ကျော်အမှတ်တံဆိပ်နှင့်လုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရယူခြင်း) နှင့် ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံများအား လုပ်ငန်းရှင်များနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတည်ထောင်လိုသူများအတွက် ဝေငှဆွေးနွေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းရှင်များနှင့် Business Matching (စီးပွားရေးတိုက်ရိုက်ညှိနှိုင်းစေ့စပ်ဆွေးနွေးခြင်း) တို့ကိုပါ တစ်ပြိုင်နက် ပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အောက်ပါအတိုင်းဆက်သွယ်၍ကြိုတင်စာရင်းပေးသွင်းပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ နေရာကန့်သတ်ထားပါသဖြင့် ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်ပါသည်။

အမှတ် - H၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြစ်ဆိပ်ကမ်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Contact Person : SAW KEDOPO <sawkedopo@consultft.com>
Mobile : 09-253060670, 09-972603093
Website : www.consultft.com

# အသစ်ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီ ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်ရန် သူနာပြုအကူအလုပ်သင်ဝန်ထမ်း (ကျား/မ)များ အလိုရှိသည်

၁။ သူနာပြုအကူ (၅)လသင်တန်းကို အခမဲ့သင်ကြားပေးမည်။
၂။ ပညာအရည်အချင်းဘွဲ့ရ(သို့) ဒီပလိုမာ(သို့) အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။
၃။ အသက်(၁၈)နှစ်မှ (၃၀)အတွင်း ဖြစ်ရမည်။
၄။ သူနာပြုစုမှုလုပ်ငန်းကို အမှန်တကယ်စိတ်ပါဝင်စားသူ ဖြစ်ရမည်။
၅။ သင်တန်းကာလ(၅)လကို ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
၆။ သင်တန်းမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာရမည်။
၇။ သင်တန်းပြီးဆုံးပြီး အရည်အချင်းပြည့်မီသူများကို အလုပ်ခန့်အပ်မည်။
၈။ နယ်မှလာသူများကို နေထိုင်ရန် စီစဉ်ပေးမည်။

ကြော်ငြာသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း အောက်ပါအချက်အလက်များနှင့်အတူ အမှတ်(၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၄၀၇၄၂၊ ၅၄၀၇၄၇၊ ၅၅၈၉၇၃တို့သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
(က) ပညာအရည်အချင်းထောက်ခံချက်မူရင်းပြရန်(မိတ္တူပူးတွဲတင်ပြရန်။)
(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ
(ဂ) သန်းခေါင်စာရင်းမိတ္တူ
(ဃ) မှတ်ပုံတင်မိတ္တူ
(င) Passport ဓာတ်ပုံ(၂)ပုံ၊ ကိုယ်လုံးပြည့်ဓာတ်ပုံ(၁)ပုံ

ကွန်ပျူတာပုရောဟိတ်

A.G.T.I(Mech.Engg) 0931079394
095179128, 0931300995, 09972228316, ViberPh:09972122177

ဥတုရာသီ တောကိုမှီ

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ဃ/၄၂၈၅၇၊ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်း ၉/မနမ(နိုင်)၀၅၆၆၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## SIMPLEX(GOLD MYANMAR) CO.,LTD.

Interested candidate to send in your resume to:
No. 18,162 Street, Tamwe Gyi(ka+ga)Ward,
Tamwe Township Yangon,Myanmar
Or
Email to thannaingwin.tnw@gmail.com
Phone: 09-420192258
The suitable candidate must possess:


**Salesman**

1. Outgoing personality and result oriented
2. English speaking
3. 2 years outdoor sales experience
4. Working in Hospitality and/or Food & Beverage industry Will be anadvantage

**Accounts/Admin**

1. Englih speaking
2. 2 years working experience
3. Knowledge in principles and practices of budgeting, accounting and auditing
4. Good understanding of local laws and rules
5. Able to perform normal office general administration works.

Please indicate your current and expected salary.

သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
YOUR INDUSTRY, YOUR DIRECTORY 2015-16


Yangon
HOT LINE 01-8619277
Sales Direct Line - 250700
373254, 245358(Ext: 810-819)
Email - ydg.adv@gmail.com
Mandalay
HOT LINE 02-4000610
Sales Direct Line - 02 4000611
02 4000612, 02 4000613
Email - mdg.adv@gmail.com

# ကျွန်တော်နဲ့ ကမ္ဘာ့ဘဏ်အသစ်

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

နိုင်ငံတကာဘဏ်စနစ်ကို၁၉၄၄ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးမပြီးမီကာလမှာ အမေရိကန်ပြည်ထောင်စုက Bretton woods ဆိုတဲ့မြို့မှာ အစည်းအဝေးကို ကျင်းပပြီး စတင်တည်ထောင်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ မဟာမိတ်နိုင်ငံ (၄၄)နိုင်ငံက တက်ရောက်ခဲ့ပြီး စစ်ပြီးကာလအတွက် ဘဏ္ဍာရေးစနစ်အသစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံပိုင် ကုမ္ပဏီများအတွက် ဈေးကွက်အသစ်များကို ဖော်ထုတ်ပေးခဲ့ရုံသာမက အမေရိကန်နိုင်ငံမှာ အသုံးပြုတဲ့ဒေါ်လာကို ကမ္ဘာ့ငွေကြေးအရန်အဖြစ် တည်ထောင်ခဲ့ပါတယ်။

Bretton woods အစည်းအဝေးကတစ်ဆင့် ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကိုလည်း တည်ထောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ဥက္ကဋ္ဌဟာ အမေရိကန်နိုင်ငံသားဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အမှုဆောင်အရာရှိချုပ်ဟာ ဥရောပနိုင်ငံသားဖြစ်ဖို့ သဘောတူခဲ့ပါတယ်။

Bretton woods ကို အခြေပြုပြီး အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများဖြစ်တဲ့ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကို Bretton woods Institutions (BWIS) အဖြစ် အတိုကောက်ခေါ်ဝေါ်သုံးစွဲလာခဲ့ပါတယ်။ အခုလို အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ တည်ဆောက်ခဲ့ရတဲ့ အဓိက ရည်မှန်းချက်မှာ ၁၉၃၀ ကျော်ကာလမှာ ဖြစ်ပေါ်လာတဲ့ စီးပွားရေးကပ်ဆိုက်မှုကြီးရဲ့ အန္တရာယ်ကို ကာကွယ်နိုင်ဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ကိုတည်ထောင်ဖို့ နာမည်ကြီးစီးပွားရေးပညာရှင်ကြီးဖြစ်တဲ့ ပါမောက္ခ Keynes က ဦးစီးခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအဖွဲ့အစည်းနှစ်ရပ်ဟာ ၁၉၄၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှ အနှစ်(၇၀)ကျော် ရပ်တည်ခဲ့တဲ့ အဖွဲ့အစည်းတွေ ဖြစ်ကြပါတယ်။ လက်ရှိအခြေအနေမှာ ကမ္ဘာ့ဘဏ်ရဲ့ဥက္ကဋ္ဌတာဝန်ကို အမေရိကန်ပြည်ထောင်စုက ကိုရီးယားနွယ် ဒေါက်တာဂျင်ယွန်ကင်းက တာဝန်ယူထားပါတယ်။ အဖွဲ့ဝင်နိုင်ငံ ၁၈၈ နိုင်ငံပါဝင်ပြီး ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၂၃၂ ဘီလီယံခန့်ရှိပါတယ်။ ဒီကမ္ဘာ့ဘဏ်ရဲ့ အစုရှယ်ယာအနေနဲ့ အမေရိကန်နိုင်ငံက အများဆုံးဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကို ပြင်သစ်နိုင်ငံသူ ခရစ်တင်းလာဂရာကဦးစီးပြီး စုစုပေါင်းဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၃၂၇ ဘီလီယံကျော်ရှိပါတယ်။

ကမ္ဘာ့ဘဏ်ကို အမှန်တော့ ဘဏ်စနစ်လို့သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အဖွဲ့ဝင်များအဖြစ် ဒေသဆိုင်ရာဘဏ်များဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အာရှဒေသအတွက် ဒေသဆိုင်ရာဘဏ်ကို ဂျပန်နိုင်ငံသားမစ္စတာဟာဟိကိုမာကိုနာကိုရာကဦးစီးပြီး အဖွဲ့ဝင်နိုင်ငံ ၆၇ နိုင်ငံ ပါဝင်ပါတယ်။ ဘဏ္ဍာရေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၃ ဘီလီယံကျော်ရှိပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ကို အမေရိကန်နိုင်ငံ ဝါရှင်တန်မှာ ရုံးစိုက်ထားပါတယ်။ ဝါရှင်တန်မှာ ရုံးစိုက်ပြီး ကမ္ဘာ့စီးပွားရေးစနစ်တစ်ခုလုံးကို ချုပ်ကိုင်ခဲ့တာမို့ ဒီအတွေးအခေါ်အယူအဆကို Washinston Consensus ဝါရှင်တန်သဘောတူညီမှုလို့ စီးပွားရေးအသိုင်းအဝိုင်းက သတ်မှတ်လာခဲ့ပါတယ်။ ဒီသဘောတူညီချက်အရ နိုင်ငံတကာစီးပွားရေးဖွံ့ဖြိုးမှုပုံစံကို ပုံဖော်ခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ ကုန်သွယ်မှုကိုဦးစားပေးပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ပြုစုဖို့ တောင်းဆိုပါတယ်။ အဓိကအယူအဆကတော့ ဈေးကွက်စီးပွားရေးစနစ်ကို ဖောင်းပေးပြီး နိုင်ငံတော်အစိုးရရဲ့ အခန်းကဏ္ဍကိုလျှော့ချရန် တိုက်တွန်းခဲ့ပါတယ်။

## AIIB ဘဏ်ဟာ အာရှနိုင်ငံများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ လက်ရှိ အမေရိကန်နိုင်ငံကြီးစိုးလျက်ရှိတဲ့ ကမ္ဘာ့ဘဏ္ဍာရေးစနစ်တစ်ခုတည်းကိုသာ အားကိုးစရာမလိုတော့ဘဲ ရွေးချယ်နိုင်မယ့် အခွင့်အလမ်းအသစ်တစ်ခုဖြစ်လာ

ဒီအယူအဆတွေကို လက်ကိုင်ထားပြီး ဆင်းရဲတဲ့နိုင်ငံတွေရဲ့ စီးပွားရေးပေါ်လစီများကို လွှမ်းမိုးခဲ့ပါတယ်။ နောက်ပိုင်းမှာ ဒီမူဝါဒအယူအဆတွေရဲ့ လွှမ်းမိုးမှုတွေကို အပြည်ပြည်ဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းများက တွန်းလှန်လာခဲ့တယ်။ နိုင်ငံတစ်နိုင်ငံအတွက် ဝင်ငွေတိုးတက်မှုဦးစားပေးမှုကို ၁၉၉၀ ခုနှစ်မှာ ကုလသမဂ္ဂအဖွဲ့အစည်းမှ စီးပွားရေးတိုးတက်မှု (Growth) နဲ့ လူသားတွေရဲ့ ဖွံ့ဖြိုးမှု (Human deve-lopment) ကွဲကွဲပြားပြားရှုမြင်ဖို့ နှိုးဆော်ခဲ့ပါတယ်။ လူမှုရေးရှုထောင့်မှာ အခုလို ဝေဖန်မှုတွေရှိခဲ့ပေမယ့် ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိကြောင်း တွေ့ရှိရပါတယ်။

ဒါပေမယ့် ၂၀၁၄ အောက်တိုဘာလမှာ တည်ဆဲအပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ကို အခြေခံကျကျ စိန်ခေါ်မှုတစ်ရပ်ပေါ်ပေါက်ခဲ့ပါတယ်။ ဒါကတော့ တရုတ်နိုင်ငံက တည်ထောင်လိုက်တဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank AIIB)ပဲ ဖြစ်ပါတယ်။ ဒီဘဏ်ကြီးတည်ထောင်တဲ့အခမ်းအနားကို နိုင်ငံပေါင်း ၂၁ နိုင်ငံက ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး အခုဆိုရင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လိုတဲ့နိုင်ငံပေါင်း ၅၀ ရှိတာ တွေ့ရပါတယ်။ ဥရောပနိုင်ငံများဖြစ်တဲ့ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ ရုရှား၊ ဆွီဒင်၊ ဆွစ်ဇာလန်နိုင်ငံတွေ ပါဝင်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၁၀ နိုင်ငံတွေက အဖွဲ့ဝင်အဖြစ် လျှောက်ထားခဲ့ပါတယ်။ ထူးခြားချက်ကတော့ အမေရိကန်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ဟာ ယနေ့အထိ မပါဝင်ကြသေးပါဘူး။ AIIB ရဲ့ ဘဏ္ဍာရေး အခြေခံက အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော် ရှိပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ဒီဘဏ်အသစ်ကို တည်ထောင်ပြီး အာရှနိုင်ငံတွေမှာရှိတဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ ရည်ရွယ်ပါတယ်။ အထူးသဖြင့် နှစ်ပေါင်း ၁၀၀၀ ကျော်က ကျော်ကြားခဲ့တဲ့ ပိုးလမ်းမကြီးကို ပြန်လည်အသက်သွင်းချင်တဲ့ဆန္ဒနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ကုန်းလမ်းအပြင် ပင်လယ်လမ်းကြောင်းဆက်သွယ်မှုတွေကိုလည်း တိုးချဲ့ဖို့ စီစဉ်လျက်ရှိပါတယ်။ တရုတ်နိုင်ငံဟာ တစ်ကမ္ဘာလုံးမှာ နိုင်ငံခြားငွေအရန်ပမာဏ အများဆုံးကိုင်ဆောင်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ သူ့နိုင်ငံရဲ့ စီးပွားရေးအင်အားကို အသုံးချနိုင်ဖို့ ဥရောပနိုင်ငံများအနေနဲ့ အထူးစိတ်ဝင်စားလျက်ရှိတာ တွေ့ရပါတယ်။

အာရှတိုက်မှာရှိတဲ့ စီးပွားရေးအားကြီးတဲ့ တောင်ကိုရီးယားနဲ့ ထိုင်ဝမ်တို့ဟာ AIIB မှာ ပါဝင်လာခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ဂျပန်နိုင်ငံဟာ အာရှနိုင်ငံတွေအနက် အထီးကျန်တဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်နေလျက်ရှိပါတယ်။ AIIB ဘဏ်ရဲ့ အရင်းအနှီးဟာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်ခန့်ရှိပြီး တရုတ်နိုင်ငံမှ ၄၀ ရာခိုင်နှုန်း ထည့်ဝင်ဖို့စီစဉ်လျက် ရှိပါတယ်။ အိန္ဒိယနိုင်ငံ အနေနဲ့ ၁၀ ရာခိုင်နှုန်းထည့်ဝင်ဖို့ စီစဉ်လျက်ရှိပါတယ်။ အာရှနိုင်ငံများမှ အမေရိကန် ဒေါ်လာ ၇၅ ဘီလီယံကျော် ထည့်ဝင်ဖို့စီစဉ်နေပြီး ကျန်တဲ့အရင်းအနှီးကိုတော့ အခြားနိုင်ငံများက ပါဝင်ကြမှာ ဖြစ်ပါတယ်။ AIIB ဘဏ်ဟာ အာရှနဲ့ဥရောပတိုက်အကြား ကုန်းလမ်းမီးရထား၊ ဆိပ်ကမ်းနဲ့ အခြားသော အခြေခံအဆောက်အအုံများ တည်ဆောက်ရာမှာ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးဖို့ရည်ရွယ်ထားပါတယ်။

AIIB ဘဏ်ဟာ အာရှနိုင်ငံများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ လက်ရှိ အမေရိကန်နိုင်ငံကြီးစိုးလျက်ရှိတဲ့ ကမ္ဘာ့ဘဏ္ဍာရေးစနစ်တစ်ခုတည်းကိုသာ အားကိုးစရာမလိုတော့ဘဲ ရွေးချယ်နိုင်မယ့် အခွင့်အလမ်းအသစ်တစ်ခုဖြစ်လာပါတယ်။ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အလွန်စိတ်ဝင်စားလျက်ရှိတာ တွေ့ရပါတယ်။ အားလုံးသိတဲ့အတိုင်း အာရှဘဏ္ဍာရေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေရစဉ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ လက်ထဲကို မိမိရဲ့စီးပွားရေး တစ်ခုလုံးကို အပ်နှံခဲ့ရပါတယ်။ စီးပွားရေးကိုဖွင့်ပေးလိုက်ပြီး အစိုးရအသုံးစရိတ်တွေကို လျှော့ချခဲ့ရတယ်။ ဒါကြောင့်လည်း အခုအသစ်တည်ထောင်လာတဲ့ AIIB ဟာ မိမိနိုင်ငံမှာ အထူးလိုအပ်နေတဲ့ အခြေခံအဆောက်အအုံလုပ်ငန်း ဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့အရင်းအနှီးငွေရရှိဖို့ မျှော်လင့်ထားတာ ဖြစ်တယ်။

အာရှနိုင်ငံများအနေနဲ့ အမေရိကန်နိုင်ငံဦးစီးလျက်ရှိတဲ့ ကမ္ဘာ့ဘဏ္ဍာရေးစနစ်ဟာ ဘဏ္ဍာရေးစည်းကမ်းကိုသာကြည့်ပြီး အာရှနိုင်ငံများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ကြောင်း သုံးသပ်ကြပါတယ်။ ၁၉၉၇ ခုနှစ်ကဖြစ်ခဲ့တဲ့ ဘဏ္ဍာရေးအကျပ်အတည်းရင်ဆိုင်ရချိန်မှာ အမေရိကန်၊ ဥရောပနိုင်ငံများနဲ့ ဂျပန်နိုင်ငံတို့ဟာ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ လက်ပိုက်ကြည့်ခဲ့တာကို အမှတ်ရနေမိကြတယ်။ ဒါကြောင့်လည်း AIIB ကို ကြိုဆိုလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ AIIB အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာမို့ မိမိနိုင်ငံရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍမှာ မည်သို့အကျိုးရှိစွာဆောင်ရွက်ဖို့ စဉ်းစားရမှာဖြစ်ပါတယ်။ အခုဆို AIIB အဖွဲ့ဝင်တစ်နိုင်ငံဖြစ်လာတာကိုလည်း ကြိုဆိုရမှာ ဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်ရုံသာမက မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံနဲ့အိန္ဒိယနိုင်ငံတို့နဲ့ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းတွေဖော်ထုတ်သွားဖို့ လိုပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် AIIB ဟာ အားထားရတဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်နိုင်မှာ ဖြစ်ပါတယ်။

21 AD @ BILLBOARD ADVERTISING
www.21advertising.net
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

SUN FAR
TRAVELS & TOURS CO., LTD.
Location
Car Parking
Service
Tel: 01-2301 999

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

TAXI (CNG)
ယာဉ်မောင်းအလိုရှိသည်
EE/Caldina
နေ့မောင်းတစ်လက်ကိုင်
ဖုန်း-၀၉-၅၁၈၉၀၂၆ (သုဝဏ္ဏ)
၀၉-၅၀၆၈၅၆၉

ဖောင်းကြွနံပါတ်ပြားပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် 4G/7007 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

Myanmar Nissenken Co.,Ltd
Japanese Language

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ခ/၉၂၃၃၊ Toyota Hilux LN 106 Pick UP 4x4 Double Cab® ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၉/မနမ(နိုင်)၀၄၇၈၂၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး(မူဆယ်) မူဆယ်မြို့

# မုန်တိုင်းအန္တရာယ် ကြိုတင်သတိပေး သရုပ်ပြလေ့ကျင့်

**လှိုင်ကော် မေ ၂၄**

ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့ရှိ နန်းကွတ်ကျေးရွာတွင် မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို မေလတတိယပတ်က လွိုင်ကော်မြို့ နန်းကွတ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

၄င်းသရုပ်ပြလေ့ကျင့်ခြင်းတွင် နန်းကွတ်ကျေးရွာ အိမ်ခြေ ၃၅၀၊ အိမ်ထောင်စုပေါင်း ၃၅၂ စု၊ လူဦးရေ ၁၀၁၃ ဦး တက်ရောက်အင်အား ၃၀၀ ကျော်တို့ကို စုစည်းပြီး ကား၊ ထော်လာဂျီဆိုင်ကယ်များဖြင့် သယ်ဆောင်ကာ ချိုကယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးခြင်း၊ လူဦးရေစာရင်းများ ကောက်ယူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဟောပြောဆောင်ရွက်ခြင်း၊ စားသောက်ဖွယ်ရာများ ပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျိုင်းတုံ-မိုင်းခတ်-မိုင်းယမ်းလမ်းပေါ်မှ ဝမ်ပုံတံတား

ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနတံတား တည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၉) သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် ရည်ရွယ်၍ ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-မိုင်းခတ်- မိုင်းယမ်းကားလမ်းပေါ်၌ အလျားပေ ၁၆၀ ရှိ ဝမ်ပုံတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ပြည်ထောင်စုရန်ပုံငွေ ကျပ် ၆၈၉ ဒသမ ၇၀ သန်းဖြင့် ၁-၈-၂၀၁၃ရက် က စတင်တည်ဆောက်ခဲ့ရာ ၃၁-၁-၂၀၁၄ ရက်တွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ရာ ယခုအခါ အများပြည်သူတို့ အသုံးပြုသွားလာနိုင်ကြပြီဖြစ်သည်။



တံတားဆိုင်ရာစီမံကိန်း အချက်အလက်များမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး တံတားအုတ်မြစ်မှာ 4' Ø Spun Pipe Foundation နှင့် 8' Ø Well Foundation ဖြစ်သည်။ တံတားအပေါ်ထည် သံကူကွန်ကရစ်ရက်မနှင့် သံမဏိသံပေါင်ရက် မသံကူကွန်ကရစ် ကြမ်းခင်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေ ခြောက်လက်မ၊ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅တန် ဖြစ်သည်။

အဆိုပါတံတားကို တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အထူး အဖွဲ့(၉) က လပေါင်း ၁၆လ အတွင်း အပြီးတည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

**ခရမ်း-စိုးမြင့်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၂၃၀၀ ဒသမ ၃၁၅ သန်း အကုန်အကျခံ ဆောင်ရွက်မည်

**မုံရွာ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့ရွာများတွင် ကျေးလက် လမ်း/တံတား၊ ကျေးလက်ရေပေးဝေရေး၊ မီးလင်းရေး၊ ယင်လုံအိမ်သာ၊ အိမ်ရာဆောက်လုပ်ရေး၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းစသော ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ် ၂၃၀၀ ဒသမ ၃၁၅ သန်း အကုန်အကျခံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့/ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းတံတားကဏ္ဍတွင် ကျောက်လမ်း ၈ မိုင် ၂ ဖာလုံအတွက် ငွေကျပ် ၄၆၈ ဒသမ ၆၀၀ သန်း၊ မြေသားလမ်း ၂၆မိုင် ၄ ဖာလုံအတွက် ငွေကျပ် ၄၆၅ ဒသမ ၅၉၅ သန်း၊ သစ်သား တံတားများ စုစုပေါင်း အရှည်ပေ ၉၇၁ ပေအတွက် ငွေကျပ် ၆၅၇ ဒသမ ၇၂၀ သန်း၊ Box Culvert စုစုပေါင်း အရှည် ၁၇၅ ပေ၊ လမ်း တံတားကဏ္ဍအတွက် စုစုပေါင်း ငွေကျပ် ၁၆၅၂ ဒသမ ၉၁၅ သန်း၊ ကျေးလက်ရေပေးဝေရေးကဏ္ဍအတွက် လက်တူးတွင်းနှစ်လုံး ငွေကျပ် ရှစ်သန်း၊ စိမ့်စမ်း ၃၉ ခု အတွက် ငွေကျပ် ၃၄၇ ဒသမ ၅၀၀ သန်း စုစုပေါင်းငွေကျပ် ၃၅၅ ဒသမ ၅၀၀ သန်း၊ ယင်လုံအိမ်သာ သုံးလုံး အတွက်ငွေကျပ် ၁၆ ဒသမ ၅၀၀ သန်း၊ ကျေးလက်မီးလင်းရေးကဏ္ဍအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးလင်းရေး ၆၉၇ ခုအတွက် ငွေကျပ် ၁၃၉ ဒသမ ၄၀၀ သန်း၊ ရေအားလျှပ်စစ်လုပ်ငန်းတစ်ခု ငွေကျပ် ခြောက်သန်း စုစုပေါင်း ငွေကျပ် ၁၅၄ ဒသမ ၄၀၀ သန်း၊ ကျေးလက်အိမ်ရာကဏ္ဍတွင် တန်ဖိုး နည်းအိမ်ရာ အလုံး ၂၀ အတွက် ငွေကျပ် သန်း ၆၀၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းကဏ္ဍ အတွက်ငွေကျပ် သန်း ၇၀ တို့ ကို အကုန်အကျခံ တည်ဆောက်ပေး သွားမည်ဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအတွင်း ရှိ ကျေးရွာများတွင် စုစုပေါင်းငွေကျပ် ၂၃၀၀ ဒသမ ၃၁၅ သန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ (၆)တွင် ထည့်သွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

## ဘိန်းအစားထိုးမျိုးစေ့၊ မျိုးစပါး၊ ပျိုးပင်များ အခမဲ့ဖြန့်ဖြူး

**ပင်လောင်း မေ ၂၄**

၂၀၁၅-၂၀၁၆ ခုနှစ် ဘိန်းအစားထိုး သီးနှံမျိုးစေ့၊ မျိုးစပါး၊ ပျိုးပင်များ အခမဲ့ဖြန့်ဖြူးခြင်း အခမ်းအနားကို မေ ၂၂ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ် တောင်ထိဗ္ဗာကျေးရွာအုပ်စု ဝါးလီးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သန်းက ဘိန်းအစားထိုး သီးနှံဖြန့်ဖြူးပေးရသည့် ရည်ရွယ်ချက်နှင့် မျိုးစေ့၊ မျိုးစပါး၊ ပျိုးပင်များ စိုက်ပျိုးနည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါကျေးရွာသို့ မိုးစပါးသီးနှံအတွက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ အတွက် ကီလိုပေါင်း ၇၀၀၊ လက်ဖက်ပျိုးပင် ၃၀၀၀၀ နှင့် ထောပတ်စိုက်ပျိုးရန် မြေ ၁၀ ဧကအတွက် ပျိုးပင် ၁၅၀၀ တို့ကို အခမဲ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**






### ဖခင်အမည်မှန်

တာချီလိတ်မြို့၊ မကာဟိုခမ်း၊ အထက စတုတ္ထတန်း(E)မှ မောင်ဇေယျာမင်း၊ တတိယတန်း(B)မှ မမေသူအောင်၊ သူငယ်တန်း(A)မှ မမေမိုလင်းတို့၏ဖခင် အမည်မှန်မှာ ဦးရီခီရမ်း ၁၃/တကန(ဧည့်)၀၀၀၄၅၉ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးနေလင်း၏သမီး မုံရွာမြို့၊ အမှတ် (၁၂) အလက(ခွဲ)မြို့သစ် ဆဌမတန်းအောင်မှ မကြည်စင်သန့်သန့်အား ယနေ့မှစ၍ မပွင့်ဝါဖြူဟု ပြောင်းလဲခေါ်ပါရန်။

**မပွင့်ဝါဖြူ**

### Hole In One

ဥက္ကလာဂေါက်ကွင်းတွင် ၂၀-၅-၂၀၁၅ရက်က MR.LEE SANG WOOK, MR. KOO OSUB, MR. HEO HYO SUNG, MR.KIM SOUNG SUN တို့ ဂေါက်သီးရိုက်ကစားကြရာ MR.LEE SANG WOOK သည် ကျင်းအမှတ် (၂၅) ၁၅၅ ကိုက်အား သံတုတ် HONMA NO.(5) ဖြင့် ဘောလုံး Volvik No.(2) အား ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

### ဖခင်အမည်မှန်

ပဲခူးမြို့၊ မြို့တွင်းအနောက်(ခ) သတ္တမတန်း(B)မှ မအိသဲမိုးနှင့် ပဲခူးမြို့ အထက (၃) တတိယတန်း(E)မှ မရတနာအောင် တို့၏ ဖခင်အမည်မှန်မှာ ဦးဘိုးအောင် ဖြစ်ပါသည်။

**ဦးဘိုးအောင်**
**၈/ပခက(နိုင်)၁၇၈၇၉၃**

### အမည်ပြောင်း

မြင်းခြံမြို့၊ (၄)ရပ်ကွက်၊ အမှတ် ၃၂၄၊ အေးကြင်ရပ်နေ ဦးကျော်သူရ ၉/မခန(နိုင်)၂၂၃၄၁၆၏သမီး မခင်ထားအေးအား မချောအိန္ဒြေသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မချောအိန္ဒြေသန့်**

### အမည်မှန်

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ အမှတ် (င/၆၇)နေ ဦးမြင့်ကြိုင် ၁၂/ဥကမ(နိုင်) ၀၁၀၉၄၄၏သား အမည်မှန်မှာ မောင်ကောင်းဆက်ဟန် ၉/ပဥလ(နိုင်)၀၄၆၅၂၀ ဖြစ်ပါသည်။

**မောင်ကောင်းဆက်ဟန်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဂီတာရမ်း ၅/တမန(နိုင်) ၀၄၂၄၆၀၏ ပတ်စ်ပို့ M-၃၈၄၁၄၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဖုန်း-၀၉-၉၁၀၀၉၁၈၄**


### ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက(ကော့ခမယ်) တက္ကသိုလ်ဝင်တန်းမှ မနှင်းအိခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဇော်မျိုးနိုင်၁၀/မဒန(နိုင်)၀၀၃၄၈၉ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးနိုင် ၁၀/မဒန(နိုင်)၀၀၃၄၈၉**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တောင်အူရွာ အမက(မူလွန်)သတ္တမတန်းအောင်မှ မောင်ဟိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဇော် ၅/ကလထ(နိုင်) ၁၁၇၁၆၅ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဇော်**


Be in demand. Be ACCA.
ACCA (Association of Chartered Certified Accountants) helps develop qualified finance professionals who contribute to businesses and economies globally in 180 countries.
Start your finance and accounting career with ACCA today.
Be one of the first 100 to call / sms / email or visit our website and successfully register with our learning partners in Yangon to get an attractive, multipurpose laptop bag FREE*.
Think Ahead
ACCA
95-1-387947
95-9-793660681
www.facebook.com/ACCA.Myanmar
info.myanmar@accaglobal.com
www.accaglobal.com/myanmar/indemand
ACCA Office: No.129, Room 115, 36th Street (Middle Block), Kyauktada Township, Yangon, Myanmar
*Conditions apply, limited to the first 100 successful registrations.

## တင်ဒါပိတ်မည့်ရက်တိုးမြှင့်သတ်မှတ်ခြင်း

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ Network နှင့် Hospital Management Information (HMI) တည်ထောင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါပိတ်မည့်ရက်/အချိန်အား ၂၉-၅-၂၀၁၅ရက် (သောကြာနေ့) ၁၆း၀၀နာရီအစား ၅-၆-၂၀၁၅ရက်(သောကြာနေ့) ၁၆း၀၀နာရီဟု ရက်တိုးမြှင့်သတ်မှတ်လိုက်သည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၄)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လိုအပ်သော လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၆-၅-၂၀၁၅ရက်မှစ၍ လမ်းအထူးအဖွဲ့ (၁၄) အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၅၄၀၇တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁-၆-၂၀၁၅ရက်၊ ၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁-၆-၂၀၁၅ရက်၊ ၁၃း၃၀နာရီ
တင်ဒါဖွင့်မည့်နေရာ - လမ်းအထူးအဖွဲ့(၁၄)၊ လုပ်ငန်းခွင်ရှေ့တန်းစခန်းရုံး၊ ဘိုကလေးမြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့ (၁၄)**
**ရန်ကုန်မြို့**

## နိုက်တြိုဂျင်အရည်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဌာနခွဲ၊ မျိုးမြှင့်တင်ရေးဌာနစိတ်၊ မင်္ဂလာဒုံမြို့နယ်တွင်တည်ရှိသော နိုက်တြိုဂျင်အရည်ထုတ်လုပ်သည့်စက်ရုံ၏ နိုက်တြိုဂျင်ထုတ်လုပ်မှုလုပ်ငန်းအား အကျိုးတူနှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများနှင့် နိုင်ငံအတွင်းတရားဝင်မှတ်ပုံတင်ထားသည့် ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်/ ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြချက် (Expession of Interest) ခေါ်ယူပြီး တင်ဒါစနစ်ဖြင့် ရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၃၆)နေပြည်တော်သို့ ၁၅-၆-၂၀၁၅ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်သွားရန် အသိပေးကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၄၀၈၄၆၇၊ ၀၆၇-၄၀၈၁၇၅၊ ၀၆၇-၄၀၈၄၆၄များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန**

## ရေလုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ရေလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော သစ်သားကိုယ်ထည်ငါးဖမ်းရေယာဉ်များအား သစ်သားဖြင့်ပင် အကြီးစားပြင်ဆင်ခြင်း၊ မူလရေယာဉ်အားပယ်ဖျက်၍ သစ်သားကိုယ်ထည်ဖြင့် တည်ဆောက်ပါက (GRT၁၀၀ တန်ရှိ ငါးဖမ်းရေယာဉ်အသစ် ပြန်လည်တည်ဆောက်ခြင်းသည် သစ်သားတန် ၁၀၀ ခန့်လိုအပ်ခြင်း) လိုအပ်သောသစ်ဆိုဒ်ရရှိရန်ခက်ခဲခြင်း၊ သစ်ဈေးနှုန်းမှာ တစ်တန်လျှင် ခန့်မှန်းကျပ် ၁၈ သိန်းခန့်ရှိသဖြင့် ကုန်ကျစရိတ်များပြားခြင်း၊ သဘာဝပတ်ဝန်းကျင်သစ်တောများပြုန်းတီးစေခြင်း၊ ရေရှည်အသုံးမပြုနိုင်ခြင်း၊ တစ်နှစ်တစ်ကြိမ်လွန်းတင်၍ သစ်သားအစားထိုးလဲလှယ်ရခြင်း၊ ပင်လယ်ပြင်အန္တရာယ်လုံခြုံမှုမရှိနိုင်ခြင်းကြောင့်လည်းကောင်း၊ သံခွံကိုယ်ထည်ဖြင့် တည်ဆောက်ပါက လိုအပ်သောသံပြားများ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ သံပြားတစ်တန်လျှင်ကျပ် ၇ သိန်းခန့်သာရှိခြင်း၊ ပေါ့ပါးခြင်း၊ ကြံ့ခိုင်မှုရှိခြင်း၊ ရေရှည်အသုံးပြုနိုင်ခြင်း၊ ပင်လယ်ပြင်အန္တရာယ်လုံခြုံမှုရှိခြင်းတို့ကြောင့် သစ်သားကိုယ်ထည်ငါးဖမ်းရေယာဉ်များအား ပယ်ဖျက်၍ သံခွံကိုယ်ထည်ဖြင့် EU စံသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတကာအဆင့်မီ ငါးဖမ်းရေယာဉ်များအဖြစ် အစားထိုးတည်ဆောက်လိုပါက မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ထောက်ခံချက်များနှင့်တည်ဆောက်သွားမည့် ရေယာဉ်ပုံစံနှင့်အတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| ၁။ | 07/DHPI(P&W) 2015-2016<br>ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ မိုးမိတ်မြို့ရှောင်ဘေလီတံတားတည်ဆောက်ခြင်း | ၂၀၀ ပေ |
| ၂ | 08/DHPI(P&W) 2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ နားမခေါ်-တာလုံကျေးရွာ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း | ၈ မိုင် |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် - ၂၅-၅-၂၀၁၅ ရက် ၉း၃၀နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၁၅-၆-၂၀၁၅ ရက် ၁၅း၀၀နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန် - ၁၅-၆-၂၀၁၅ ရက် ၁၅း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

### စဉ့်ကိုင်မြို့နယ်ဥပဒေရုံး
### စဉ့်ကိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ဥပဒေရုံးမှ မြို့နယ်ဥပဒေရုံးအသစ်ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၅-၂၀၁၅ ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၁-၆-၂၀၁၅ ရက်
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - စဉ့်ကိုင်မြို့နယ်ဥပဒေရုံး၊ စဉ့်ကိုင်မြို့
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၁၁-၆-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ
(င) **တင်ဒါဖွင့်မည့်ရက်** - ၁၁-၆-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀နာရီ

၂။ တင်ဒါပုံစံစည်းကမ်းများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ငွေကျပ်တစ်သောင်းတိတိ)ဖြင့် ၂၈-၅-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း စဉ့်ကိုင်မြို့နယ်ဥပဒေရုံးတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စဉ့်ကိုင်မြို့နယ် ဥပဒေအရာရှိ၊ စဉ့်ကိုင်မြို့နယ်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၈၁၀၃၉၂၀၉၊ ၀၆၆-၄၀၀၀၁သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၄)၊ မကွေးတိုင်းဒေသကြီးရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် အောက်ဖော်ပြပါ တည်နေရာများ၌ ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၁။ | မင်းဘူး(စကု)မြို့နယ် | - စကုအထက်တန်းကျောင်း၊ မန်းချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၂။ | ဂန့်ဂေါမြို့နယ် | - ကန်ရွာမြစ်သာမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၃။ | စလင်းမြို့နယ် | - သနပ်ကုန်းကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၄။ | ပခုက္ကူမြို့နယ် | - ပခုက္ကူတောင်ဘက်ကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၅။ | ရေစကြိုမြို့နယ် | - ငမြာကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၆။ | စလင်းမြို့နယ် | - ဘိုကုန်း၊ ကြူတောကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၇။ | မင်းဘူးမြို့နယ် | - ကျောင်းကုန်းကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၈။ | မင်းဘူးမြို့နယ် | - နိဗ္ဗာန်ကျွန်းကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၉။ | ပွင့်ဖြူမြို့နယ် | - သံကိုင်းကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၁၀။ | ရေစကြိုမြို့နယ် | - ချစ်သူ၊ သင့်သည်၊ ပခန်းငယ်ကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၁၁။ | ကျောက်ထုမြို့နယ် | - ကံအိုးကျေးရွာ၊ လက်ပန်းကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၁၂။ | ပွင့်ဖြူမြို့နယ် | - ချောက်-မကွေးရေလမ်းပိုင်းမှ မုန်းချောင်းဝ ရေလမ်းကောင်းမွန်ရေးလုပ်ငန်း |

**တင်ဒါလျှောက်လွှာယူရမည့်နေရာနှင့်စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး၊ ကင်းလမ်း၊ ရွှေညောင်(၂)ရပ်ကွက်၊ မကွေးမြို့
**တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၂၆-၅-၂၀၁၅ရက်မှ ၂၆-၆-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၈၃၉၀သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

| | |
|---|---|
| (က) **မီးခံသေတ္တာနှင့်ဖိုင်တင်စင်** | **2-Items** |
| (၁) မီးခံသေတ္တာ (Leeco) (17" x 18" x 26") | 1-No |
| (၂) ဖိုင်တင်စင် (Leeco) (လေးဆင့်) (6' x 3' x 18") | 5-Nos |
| (ခ) **ရုံးသုံးပရိဘောဂ** | **3-Items** |
| (၁) Computer Office Desk (3½) | 10-Nos |
| (၂) ဗီရို | 5-Nos |
| (၃) ဆုံလည်ကုလားထိုင် | 10-Nos |
| (ဂ) **External HDD (1000 GB=1TB)** | **12-Nos** |
| (ဃ) **Hold Punch, Stapler, Trimmer and Binders** | **4-Items** |
| (၁) Hold Punch HD-2300 | 10-Nos |
| (၂) Stapler (40 Electric Stapler) | 5-Nos |
| (၃) Trimmers (4 in 1 ) (18") (A3) | 5-Nos |
| (၄) Binders (Combo/C250 pro) | 5-Nos |

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂-၆-၂၀၁၅ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက်ကျော်လွန်ပေးသွင်းသောတင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)**
**အမှတ် (၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက်လိုအပ်သော Transmission Line Maintenance ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၆-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂၊ ၀၆၇-၄၁၀၂၀၉**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၈-၅-၂၀၁၅ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အောက်ဖော်ပြပါ ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအား တည်ဆောက်ရေးလုပ်ငန်းအပါအဝင် Turnkeyစနစ်ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ်ဓာတ်အားလိုင်း
 (၂) မော်လမြိုင်တိုးချဲ့နှင့် ၆၆/၃၃ကေဗွီ၊ (၂၀)အမ်ဗွီအေသံဖြူဇရပ်ခွဲရုံ
(ခ) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း
 (၂) ပုဏ္ဏားကျွန်းတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေရသေ့တောင်ခွဲရုံ
 (၃) ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ
 (၄) ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ
(ဂ) ၆၆ကေဗွီ ရာဇဂြိုလ်-ကလေး-ကလေးဝ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီ ရာဇဂြိုလ်-ကလေး-ကလေးဝ ဓာတ်အားလိုင်း
 (၂) ကလေးတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံ
(ဃ) ၆၆ကေဗွီ ပုသိမ်-ငွေဆောင်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ ပုသိမ်-ငွေဆောင်ဓာတ်အားလိုင်း
 (၂) ပုသိမ်တိုးချဲ့နှင့် ၆၆/၃၃/၁၁ကေဗွီ (၁၀)အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံ
(င) ၆၆ ကေဗွီ ရာဇဂြိုလ်-မော်လိုက်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ ရာဇဂြိုလ်-မော်လိုက်ဓာတ်အားလိုင်း
 (၂) ရာဇဂြိုလ်တိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေ မော်လိုက်ဓာတ်အားခွဲရုံ
(စ) ၆၆ ကေဗွီ မြင်းခြံ-ငါန်းဇွန်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ မြင်းခြံ-ငါန်းဇွန်ဓာတ်အားလိုင်း
 (၂) ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေငါန်းဇွန်ဓာတ်အားခွဲရုံ
(ဆ) ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်း စက်မှုဇုန်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန် ဓာတ်အားလိုင်း
 (၂) ပုဏ္ဏားကျွန်းတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေ ပုဏ္ဏားကျွန်းစက်မှုဇုန် ဓာတ်အားခွဲရုံ
(ဇ) ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်း
 (၂) မင်းတပ်တိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ မတူပီ ဓာတ်အားခွဲရုံ
(ဈ) ၆၆ ကေဗွီ မိုးမိတ်-မဘိမ်းဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ မိုးမိတ်-မဘိမ်းဓာတ်အားလိုင်း
 (၂) မိုးမိတ်တိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ မဘိမ်းဓာတ်အားခွဲရုံ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## The Republic of the Union of Myanmar
## Ministry of Energy
### Myanma Petrochemical Enterprise

**Title:** Invitation for Letter of Expression of Interest (LOEI) for Joint Venture Project of laboratory services of petroleum and petrochemical products.

1. Myanma Petrochemical Enterprise (MPE), Ministry of Energy of the Republic of the Union of Myanmar is planning to establish a Joint Venture Project of laboratory services which analyses the speecification and qualification of the petroleum and petrochemical products and certifies or recertifies in accordance with the standard of International Organization of Standardization (ISO).

2. MPE hereby announces an invitation to submit the Letter Expression of Interest (LOEI) for the Joint Venture Project of laboratory services between MPE and a company which shall have the accreditation of International Organization of Standardization (ISO). and also have experience(s) for the analysis of specification and qualification of the petroleum and petrochemical products.

3. The required data for LOEI submission and information related to the above Joint Venture Project are available in the Ministry of Energy website (http://www.energy.gov.mm/index.php/en/information/announcement) and Facebook (www.facebook.com/MinistryOf Energy.Myanmar) as well as the following address during the office hours starting from 27.5.2015;

Director (Planning)
Myanma Petrochemical Enterprise
Building No 44, Nay Pyi Taw
Fax-067-411124
Email:labjvp@gmail.com

4. No telephone inquiries shall be facilitated.

5. LOEI shall be submitted to following address in person no later than 12:00 noon on 15.7.2015;

Managing Director
Myanma Petrochemical Enterprise
Building No 44, Nay Pyi Taw

---

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း (Sludge Oil) များအား မျက်မြင် အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပြုလုပ်မည့်နေ့ရက်** - ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့)
**အချိန်** - ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း (စီမံရေးနှင့်လုပ်ငန်းဌာနခွဲ) ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၆-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၅ သို့ စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ခုတင် (၃၀၀) ဆံ့ ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသောလူနာများအတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ဆေးရုံအုပ်ကြီးရုံး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး၊
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက်** - ၂၄-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - ညနေ ၄း၀၀နာရီ

၂။ တင်ဒါပုံစံစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေး/ဆေးပစ္စည်းစာရင်းအသေးစိတ်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၁၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**ပုသိမ်ပြည်သူ့ဆေးရုံကြီး**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၇၇၇၃ Super Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၃/နဆန(နိုင်)၀၀၀၁၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့ ဟောင်လိတ်အုပ်စုနေ ဦးအုန်းငွေ ၁၃/မဖန(နိုင်)၀၀၇၄၇၀ ၏သား မောင်သက်နိုင်ဦး ၁၃/တခလ(နိုင်)၀၈၀၂၉၅ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအုန်းငွေ ၁၃/မဖန(နိုင်)၀၀၇၄၇၀**

---

## The Republic of the Union of Myanmar
## Ministry of Energy
### Myanma Petrochemical Enterprise
### Invitation for the Letter of Expression of Interest

**Title:** Joint Venture Project for the Construction of Liquefied Petroleum Gas (LPG) terminal and Supply Chain of LPG Business (Importation, Storage, Distribution and Marketing)

Myanma Petrochemical Enterprise (MPE) hereby announces an invitation for the Letter of Expression of Interest to implement a joint venture project between MPE and interested investors who shall be a consortium of a local company (or companies) and a foreign company (or companies) and shall have the ability in terms of worldwide experiences in LPG importation, storage, wholesales distribution, marketing and services, financial capability, reliability for long term cooperation.

The scope of the business shall include the construction of a new LPG terminal (i.e.storage tank(s), jetty, etc) on available land area in No.(1) Refinery (Thanlyin) and the supply chain of LPG business of importation, storage, wholesale distrubtion and marketing.

Detailed information for LOEI submission and information related to the joint venture project are available in the Ministry of Energy's website (www.energy. gov.mm/index.php/en/information/announcement) and the facebook (www. facebook.com/Ministry Of Energy. Myanmar) as well as at the following address during office hour starting from 27-5-2015;

Planning Department
3rd Floor, Myanma Petrochemical Enterprise
Building No (44), Nay Pyi Taw
1pgbusinessjv@gmail.com

Letter of Expression of Interest must be delivered together with all the necessary materials requested in the detailed information to the following addres in person before 12:00 noon on 15-7-2015;

Managing Director
Myanma Petrochemical Enterprise
Building No (44), Nay Pyi Taw

No telephone enquiries shall be facilitated.

---

**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၅ ရက် (ညနေ ၄း၀၀နာရီ)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ်ကိုသိရှိ လိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀) ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း-၀၄၂-၇၀၄၉၂**

---

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**

### ၄/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား

## ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၉-၆-၂၀၁၅ရက်မှ ၁၀-၆-၂၀၁၅ ရက်အထိ ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး ၄၈၈ တန်ခန့်
သစ်မာသစ်လုံး ၂၃၄၉၀ တန်ခန့်
ကျွန်းခွဲသား ၁၆၆ တန်ခန့်
သစ်မာခွဲသား ၄၃၉ တန်ခန့်
(ပိတောက်/တမလန်းခွဲသား/ဓားရှေ့များ ပါဝင်ပါသည်။)

(ဂ) **ရောင်းချမည့်နေရာ** - အမှတ် ၁၀၃၊ သစ်စက်ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက် ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၃၇၁ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မောသီရိကွက်သစ်၊ နယ်မြေ(၁၆)၊ ဦးပိုင်အမှတ် (၁၆၇၉)၊ မြေချိန်ဇရိယာ ၀ ဒသမ ၀၆၉ ဧကရှိ ဦးအောင်မင်း အမည်ပေါက် ဂရန်အမှုတွဲ အမှတ်(၁၃၉၄-၅/၁၉၉၃-၉၄-စီ)မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူပြန်လည်ထုတ်ယူမည် ဖြစ်၍ (၁၅)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မင်း ၁၃/လရန(နိုင်)၀၃၄၇၅၅**

---

# အခွန်တာဝန် ရှိ/မရှိ ကိုယ်တိုင်စိစစ်ကြည့်

၁။ အခွန်ဆိုသည်မှာ နိုင်ငံနှင့် ပြည်သူများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အခွန်ဥပဒေနှင့်အညီ ကောက်ခံသောငွေပင်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်ထိုက်သူအားလုံး အခွန်ထမ်းဆောင်ကြပါရန်နှင့် မိမိသည် အခွန်ပေးဆောင်ရန် တာဝန်ရှိ/မရှိကို အောက်တွင်ဖော်ပြမည့် အချက်အလက်များနှင့် တိုက်ဆိုင်ကြည့်စေလိုပါသည်။

၂။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်ဆိုသည်မှာ ၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ ကာလဖြစ်သည့်အတွက် အဆိုပါကာလအတွက်ရရှိဝင်ငွေများနှင့်ပတ်သက်၍ ၂၀၁၄ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြည့်ရန်ဖြစ်ပါသည်။

၃။ **အခွန်ထမ်းဆောင်ရန် တာဝန် ရှိ/မရှိ စိစစ်ကြည့်ရန်။** ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်တွင် စာပိုဒ် ၄ ပါဝင်ငွေအမျိုးအစားရရှိပြီး အောက်ပါတို့ကို နုတ်ပယ်ပြီးချိန်တွင် ကျပ်သိန်း ၂၀ အထက် ကျန်ရှိသူများသည် မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနများသို့ ဆက်သွယ်၍ အခွန်ပေးဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း စုစုပေါင်းရရှိသော ဝင်ငွေအနက်မှ အခြေခံသက်သာခွင့်အဖြစ် ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်း (ကျပ်သိန်း၁၀၀ထက်မပိုရ)။

(ခ) အတူနေသူ/စရိတ်ထောက်ပံ့ထားရသည့် အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ်ငါးသိန်းသက်သာခွင့် (ယင်းအိမ်ထောင်ဖက်သည် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည် ဝင်ငွေမရရှိသူဖြစ်ရပါမည်။)

(ဂ) သားသမီးများ တစ်ဦးလျှင် ကျပ်သုံးသိန်းစီဖြင့် သက်သာခွင့်[အိမ်ထောင်မရှိသည့် ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသည့် အသက် ၁၈ နှစ်မပြည့်သေးသည့် (သို့မဟုတ်) အသက် ၁၈ နှစ် ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသည့်သူ ဖြစ်ရပါမည်။]

(ဃ) အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက်ပေးရသော ပရီမီယံ။

(င) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေ။

၄။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်တွင် စုစုပေါင်းရရှိသောဝင်ငွေကိုတွက်ချက်ရာတွင် အောက်ပါတို့ ပါရှိရပါမည်-

(က) **လစာရရှိသူ** (လစာတွင် လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်တို့ ပါဝင်ပါသည်။)

(ခ) **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသူ** (ဆရာဝန်၊ သူနာပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ပန်းထိမ်ဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ၊ ဧည့်လမ်းညွှန်၊ သင်တန်းဆရာစသည်များ။)

(ဂ) **စီးပွားရေးလုပ်ငန်းမှဝင်ငွေရရှိသူ** (စီးပွားရေးလုပ်ငန်းဆိုသည်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံးပါဝင်သည်)။

(ဃ) **မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ဝင်ငွေရရှိသူ**

(င) **အခြားရလမ်းမှဝင်ငွေရရှိသူ** (အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေတို့နှင့် အကျုံးမဝင်သော ဝင်ငွေရရှိသူ)။

၅။ အောက်ပါဝင်ငွေအမျိုးအစားရရှိသူများသည် စာပိုဒ် ၃တွင် ဖော်ပြထားသော သက်သာခွင့်များရနိုင်ခွင့်မရှိပါ -

(က) အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူများ (မြေ၊ အဆောက်အအုံ၊ အိမ်ခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာမတည်ပစ္စည်း၊ အစုရှယ်ယာ၊ ကတိခံဝန်ချုပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော လက်မှတ်စာချုပ်ရောင်းချ၍ နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက်ကျော်လွန်ပြီး မြတ်စွန်းငွေလည်းရရှိသူ)။

(ခ) စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေရှိသူ။

၆။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်နိုင်ရန် ဝင်ငွေကြေညာလွှာပုံစံ ပတခ (၀င)-၁ ကိုရယူရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန်-

(က) WWW.irdmyanmar.gov.com တွင် Download ပြုလုပ်၍ရယူခြင်း (သို့မဟုတ်)၊

(ခ) မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တောင်းယူခြင်း (သို့မဟုတ်)၊

(ဂ) တယ်လီဖုန်းနံပါတ်-၀၉-၅၁၈၄၉၅၇၊ ၀၉-၅၀၈၀၀၉၃၊ ၀၉-၇၃၀၉၇၅၉၈ တို့သို့ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်ပါရှိသော SMS ပေးပို့၍ ပုံစံတောင်းယူခြင်း။

၇။ မရှင်းလင်းသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများ(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ (မန္တလေး) ဖုန်း-၀၂-၃၀၁၉၂ နှင့် မိမိတို့နှင့်သက်ဆိုင်သော တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ မေးမြန်းနိုင်ပါသည်။

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၇**

ဦးဝင်းနိုင် **နှင့်** ၁။ ဦးစိန်တင် ၂။ ဒေါ်တင်တင်ဝင်း ၃။ ဦးခင်မောင်သန်း ၄။ ဦးခင်မောင်ရီ ၅။ ဦးခင်မောင် ၆။ ဦးခင်မောင်ထွေး ၇။ မနာသွန်(ခ)သဇင် ၈။ ဒေါ်မြင့်မြင့်စန်း

**တရားလို** **တရားပြိုင်များ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘုရင့်နောင်လမ်း၊ သီရိမင်္ဂလာမြို့သစ်(၃)လမ်းနေ တရားပြိုင်(၄)(၅)(၆) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁ ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နွဲ့နွဲ့)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**


မြန်မာ - ကိုးရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
DUOS
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။ လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲပြားမှု ရှိနိုင်ပါသည်။ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM ( အစိုးရရုံးပိတ်ရက်များအပါအဝင်)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက်(၉၂)နှစ်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၂၅ရက် ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**
**ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး**

## ဝမ်းနည်းကြေကွဲခြင်း
